# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက် | ၂၀၂၆ ခုနှစ်၊ ဇွန် ၁၁ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၄၉)


**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ရာသီဥတုပူပြင်းလာခြင်းကို မိမိတို့အနေဖြင့် ပြောင်းလဲ၍မရနိုင်သော်လည်း သက်သာအောင် ဆောင်ရွက်နိုင်သည်။ ရပ်ရွာများ၊ မြို့များအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် စနစ်တကျဖြင့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပူပြင်းသည့်ရာသီဥတုကို တွန်းလှန်နိုင်မည်ဖြစ်သကဲ့သို့ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတသည့် ရာသီဥတုရရှိစေနိုင်မည်။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ

နေပြည်တော် ဇွန် ၁၀

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် **ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ ကလေးမြို့နယ် အောင်မေတ္တာရပ်ကွက် (ပြင်သာ) ဆိပ်ကမ်းမှ အင်းကျော်ရွာသို့ မြစ်သာမြစ်ကူးတံတား ဆောက်လုပ်ပေးနိုင်ပါရန်အတွက် သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြစ်သာမြစ်ကူးတံတားသည် ၂၀၁၉ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး တည်ဆောက်လက်စတံတားတစ်စင်းဖြစ်ပါကြောင်း၊ ယင်းတံတားသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကအပ်နှံပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်တည်ဆောက်သည့် တံတားဖြစ်ပါကြောင်း၊ လက်ရှိတံတားသည်


*စာမျက်နှာ ၃ ကော်လံ ၁* ○




## သဲကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် ရေဆင်းပေါ်ဆန်း(၁)စပါး(၇) စိုက်ပျိုးကွင်းသရုပ်ပြ



သဲကုန်း ဇွန် ၁၀

နိုင်ငံတော်ရွေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ ဆောင်ပုဒ်နှင့်အညီ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် ရေဆင်းပေါ်ဆန်း(၁)စပါး(၇) စိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက လက်ပံလုံးလအုပ်စု ကွင်းအမှတ် ၉၅၇ (ခ) တောင်သူ ဦးသန်းဇော်၏ လယ်မြေ ခုနစ်ဧကတွင် ဆောင်ရွက်ခဲ့ရာ


*စာမျက်နှာ ၅ ကော်လံ ၁* ❖


## အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသည့် ငလျင်ဒဏ်သင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးရာတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇွန် ၁၀

အိန္ဒိယသမ္မတနိုင်ငံမှ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်သို့ ပေးပို့လှူဒါန်းသည့် ငလျင်ဒဏ်သင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးရာတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာများ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရှိ Function Hall၌ ကျင်းပသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❂


### ယနေ့ မိုးလေဝသ (၁၁-၆-၂၀၂၆)

**နေပြည်တော်**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**
မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

### ယနေ့ *ဖတ် စ ရာ*


**နေရောင်ခြည်စွမ်းအင်သုံး ၃၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်း နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး** — ပြည်တွင်းသတင်း — စာ ၇

**ငါးမွေးမြူရေးလုပ်ငန်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံ့ငါးရိက္ခာ ဖူလုံရေးဆီသို့** — ဆောင်းပါး — စာ ၁၀


## တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့နှင့် ဟားခါးမြို့သို့ ဆက်သွယ်ထားသည့်လမ်းကြောင်းအား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ပြီဖြစ်

နေပြည်တော် ဇွန် ၁၀

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီမှစ၍ ထန်တလန်မြို့၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သာလွန်အင်အားဖြင့် အလစ်အငိုက်ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ပြီး ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ကာ ထန်တလန်မြို့အား ယာယီစိုးမိုးထိန်းချုပ်ခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ဆောင်ရွက်ခဲ့ရာ


*စာမျက်နှာ ၉ ကော်လံ ၁* ◆




တပ်မတော်စစ်ကြောင်းများက ဟားခါး-ထန်တလန်လမ်းကြောင်းရှိ တာဝါတိုင်စခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

## မြန်မာ့အလင်း

# MSME များ ဖွံ့ဖြိုးတိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များ ကြိုးပမ်း

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) သည် နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိရာ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့် အခန်းကဏ္ဍ၌ တည်ရှိနေသည်။ ထို့အပြင် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအတွက်လည်း အဓိကအရေးပါလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် MSME များ တည်ထောင်လုပ်ကိုင်ကြရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသည်။ MSME လုပ်ငန်းများသည် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အရေးပါသည့်အလျောက် လုပ်ငန်းများ ထူထောင်လုပ်ကိုင်ကြစေရန် အားပေးဖို့လိုသည်။

"နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပကတိအခြေအနေနှင့် ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းမှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများပင် ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများဖြင့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း" ဇွန် ၉ ရက်က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်း ပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတက ဆက်လက်၍ "စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ MSME ကုန်ထုတ်လုပ်ငန်းများကိုလည်း နိုင်ငံ၏ အဓိကစီးပွားရေးမောင်းနှင်အားတစ်ခုဖြစ်လာအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံ၏အခြေအနေအရ MSMEကို ဗဟိုပြု၍ နိုင်ငံ၏စီးပွားရေးကို မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" လည်း ပြောကြားခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ထုတ်ကုန်များ မဖြစ်မနေ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်သွားကြဖို့လိုသည်။ MSME လုပ်ငန်းများဟုဆိုရာတွင် ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် အခြားကဏ္ဍများရှိနေကြရာ လက်ရှိနိုင်ငံ၏ အခြေအနေအရ ထုတ်လုပ်မှုကဏ္ဍကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် MSME လုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ရှိသည့်အနက် ထက်ဝက်ကျော်မှာ အစားအသောက် ထုတ်လုပ်သည့်လုပ်ငန်းများ ဖြစ်သည်ဟုသိရသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က ပြုလုပ်ခဲ့သည့် စစ်တမ်းတစ်ရပ်တွင် မြန်မာနိုင်ငံရှိ MSME လုပ်ငန်းအများစုသည် ခေတ်နောက်ကျနေသည့် စက်အဟောင်းများ၊ တစ်ပတ်ရစ်များကို သုံးစွဲနေရကြောင်း၊ စားသောက်ကုန်ထုတ်လုပ်မှုသည် MSME လုပ်ငန်းများတွင် အများစုဖြစ်ပြီး တီထွင်ဆန်းသစ်မှုနှင့် ဆွဲဆောင်နိုင်မှုအပိုင်းတွင် အားအနည်းဆုံးဖြစ်ကြောင်းတို့ ဖော်ပြထားခဲ့ရာ လက်ရှိအခြေအနေတွင် တိုးတက်မှုတို့ကို တွေ့မြင်လာရပြီဖြစ်သော်လည်း ယခုထက်ပိုမို၍ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည်အထိ ဆက်လက်ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

MSME ကုန်ထုတ်လုပ်ငန်းများ၏ အဓိကလိုအပ်ချက်မှာ ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် လူသားအရင်းအမြစ်များဖြစ်ပြီး လျှပ်စစ်၊ မြေယာ၊ နည်းပညာ၊ ဈေးကွက် စသည့် တောင်းဆိုမှုများရှိသည်ကိုလည်း တွေ့ရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ထားရာ လိုအပ်သည့် ကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး စီမံဆောင်ရွက်ထားရန်လိုသည်။ နိုင်ငံတော်အစိုးရက MSME လုပ်ငန်းများ နိုင်ငံတကာဈေးကွက်သို့ ပိုမို ချိတ်ဆက်နိုင်စေရန် နည်းပညာ အသုံးချမှု၊ ဒီဂျစ်တယ် ဈေးကွက်နှင့် ဆက်သွယ်မှုတို့ ပိုမိုပြုလုပ်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ချေးငွေ၊ နည်းပညာ ပံ့ပိုးမှုတို့ကိုလည်း တိုးတက်ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သော လူသားအရင်းအမြစ်များ ရရှိနိုင်ရန် စိုက်/မွေး/စက်မှု အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးသည့် အထက်တန်းကျောင်းများ ဖွင့်လှစ်ပေးထားသကဲ့သို့တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသူ ကျောင်းသားများလည်း ရှိနေကြသည်။

ယနေ့ မိမိတို့နိုင်ငံရှိ ဝယ်ယူစားသုံးသူဈေးကွက်တွင် အိမ်နီးချင်းနိုင်ငံများရှိ MSME လုပ်ငန်းများက ထုတ်လုပ်လိုက်သည့် လူသုံး၊ အိမ်သုံး၊ စားသုံးကုန် ပစ္စည်းမျိုးစုံတို့ကို တွေ့ရှိနိုင်သည်။ အဆိုပါကုန်ပစ္စည်းများသည် မိမိတို့နိုင်ငံတွင်လည်း ရှိနေသည့် ကုန်ကြမ်း၊ ရှိနေသည့် နည်းပညာများဖြင့် ထုတ်လုပ်နိုင်သည့်အလျောက် ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ကြခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| ( ၁ ) ဦးဟန်ဝင်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| ( ၂ ) ဒေါက်တာ သိင်္ဂီမြင့် | ပါမောက္ခချုပ်<br>ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ( ၃ ) ဦးဉာဏ်ဇော်ဦး | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန<br>အားကစားရေးရာဝန်ကြီးဌာန |
| ( ၄ ) ဦးလှအောင် | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

## ၁၀ - ၆ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၀၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁၁

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင် သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁ - ၆ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၃၄၅ | ၄၅၁၅ | ၄၄၆၀ | ၄၃၆၀ | ၄၅၂၀ | ၄၅၃၀ | ၄၅၇၅ | ၄၄၃၅ | ၄၅၇၅ | ၄၈၇၀ | ၄၄၆၀ | ၄၅၅၀ | ၄၅၅၅ | ၄၅၁၀ | ၄၅၁၅ | ၄၇၃၅ |
| 95 Ron | ၄၃၈၅ | ၄၅၆၀ | ၄၅၀၅ | ၄၄၀၅ | ၄၅၆၀ | ၄၅၇၅ | ၄၆၁၅ | ၄၄၈၀ | ၄၆၁၅ | ၄၉၁၅ | ၄၅၀၀ | ၄၆၅၅ | ၄၆၀၀ | ၄၅၅၅ | ၄၅၆၀ | ၄၇၈၀ |
| HSD (500 ppm) | ၄၂၂၀ | ၄၃၈၀ | ၄၃၃၀ | ၄၂၃၅ | ၄၃၈၅ | ၄၃၉၅ | ၄၄၃၅ | ၄၃၀၅ | - | ၄၇၂၀ | ၄၃၂၅ | ၄၇၂၀ | ၄၄၂၀ | ၄၃၇၅ | ၄၃၈၅ | ၄၅၉၅ |
| HSD (50 ppm) | ၅၁၁၅ | ၅၂၉၀ | ၅၂၃၅ | ၅၁၃၀ | ၅၂၉၀ | ၅၃၀၅ | ၅၃၄၅ | ၅၂၁၀ | ၅၃၄၅ | ၅၆၄၅ | ၅၂၃၀ | ၅၃၈၅ | ၅၃၂၅ | ၅၂၀၀ | ၅၂၉၀ | ၅၅၁၀ |
| HSD (10 ppm) | ၅၁၁၅ | ၅၂၉၀ | ၅၂၃၅ | ၅၁၃၀ | ၅၂၉၀ | ၅၃၀၅ | ၅၃၄၅ | ၅၂၁၀ | | ၅၆၄၅ | ၅၂၃၀ | ၅၃၈၅ | ၅၃၂၅ | ၅၂၀၀ | ၅၂၉၀ | ၅၅၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၁၁၉ | ၄၂၃၅ |
| 95 Ron | ၄၁၆၀ | ၄၂၇၇ |
| HSD (500 ppm) | ၄၀၁၀ | ၄၁၂၀ |
| HSD (50 ppm) | ၄၈၆၇ | ၄၉၉၄ |
| HSD (10 ppm) | ၄၈၆၇ | ၄၉၉၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

○ *ရှေ့ဖုံးမှ*

၉၃ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါကြောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တံတားပြီးစီးရန် ဆောင်ရွက်ပါက မြစ်သာမြစ်၏ အရှေ့ဘက်ရွာများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ တံတားဆောက်လုပ်ပြီးစီးပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်၍ ပြင်သာဆိပ်ကမ်းမှ မြစ်သာမြစ်ကို ဖြတ်ကူးမည့်တံတားကို ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ မြစ်သာမြစ်ကူးတံတားနှင့်ဆက်စပ်ပြီး မြို့နယ်ချင်းဆက်လမ်းအဖြစ် ကလေး-မြို့မ-ယာကြီး လမ်းကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနတို့အနေဖြင့် ဘဏ္ဍာငွေရရှိသည့်အပေါ်မူတည်၍ ဆောင်ရွက်ပေးရန် သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ယခုလမ်းသည် အမှန်တကယ်ဆောင်ရွက်သင့်သည့် လမ်းဖြစ်ပါကြောင်း၊ စီမံချက်ရေးဆွဲဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီမံချက်ရေးဆွဲပြီးပါက ဆက်စပ်ဆောင်ရွက်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ကွန်ဟိန်းမဲဆန္ဒနယ်မှ စိုင်းကျော်လှ၏ ရှမ်းပြည်နယ် ကွန်ဟိန်းမြို့မှ ကာလိမြို့သို့ ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးအား ၂၃ ပေ အကျယ်ချဲ့ပြီး နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးပါရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကွန်ဟိန်းမှ ကာလိမြို့သို့ ဆက်သွယ်ထားသည့် လမ်းပိုင်းအတွက် ယခုနှစ် ရရှိရန်ပုံငွေဖြင့် လမ်းပိုင်းပေါ်ရှိ လမ်းပျက်စီးသည့် နေရာများတွင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ကွန်ဟိန်းနှင့် ကာလိလမ်း ၈ မိုင် ၅ ဖာလုံကို တိုးတက်လာမည့် ယာဉ်စီးရေနှင့် လိုက်လျောညီထွေဖြစ်စေမည့် လမ်းအကျယ်ရရှိအောင် စီမံချက်ရေးဆွဲထားပါကြောင်း ပြန်လည်ဖြေကြားသည်။

**မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ မိုင်းခတ်မြို့နယ် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်း လမ်းမကြီးဖြစ်သော မိုင်းခတ်လမ်းအပိုင်း၌ အကွေ့အကောက်များသော၊ လမ်းကျဉ်းသောနေရာများတွင် ၁၈ ပေ လမ်း ကတ္တရာအဆင့်သို့ တိုးမြှင့်ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပိုင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ယခုနှစ်ရရှိရန်ပုံငွေဖြင့် လမ်းပိုင်းပေါ်ရှိ အကွေ့အကောက်များသည့် မမြင်ကွေ့တစ်နေရာကို လမ်းချဲ့ထွင်ခြင်း၊ ချဲ့သည့်နေရာတွင် မြေသားတာပေါင် ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားရန် လျာထားပါကြောင်း ပြန်လည်ဖြေကြားသည်။

**ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ တပ်ကုန်းမြို့နယ်ရှိ သပြေချောင်းကျေးရွာမှ ရွှေမြို့ကျေးရွာသို့ ဆက်သွယ်သော ရွှေမြို့တံတား-ဆင်သေချောင်းကူး တံတားအား ရေတို၊ ရေရှည်အစီအမံများချမှတ်၍ တံတားရေထိန်းနံရံအပါအဝင် ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးခင်မောင်လတ်က ရွှေမြို့တံတား - ဆင်သေချောင်းကူးတံတား တည်ဆောက်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ရွှေမြို့ကျေးရွာအဝင် ပေ ၄၀၀ အရှည် ဘေလီတံတား တည်ဆောက်ခြင်းလုပ်ငန်းကို စီမံကိန်းတန်ဖိုး ငွေကျပ် ၂၂၂၅ ဒသမ ၀၀ သန်းရှိသည့်အနက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၈၀၀ ဒသမ ၀၀ သန်းဖြင့် ဘေလီသံပေါင်ပစ္စည်းများအား ဝယ်ယူစုဆောင်းပြီးဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၄၂၅ ဒသမ ၀၀ သန်းဖြင့် အရှည် ပေ ၄၀၀၊ အကျယ် ၁၃ ပေ ဘေလီတံတား (ပထမပိုင်း) တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရာဂီမုန်တိုင်းအတွင်း ချောင်းရေတိုက်စားပြီး ကမ်းပါးပြိုကျမှုများကြောင့် မူလသတ်မှတ်ထားသည့် တံတားအရှည် ပေ ၄၀၀ အား အရှည်ပေ ၉၅၀ ဆောင်ရွက်ရမည်ဖြစ်သဖြင့် ထပ်မံဆောင်ရွက်ရမည့် တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် နေပြည်တော်ကောင်စီငွေလုံးငွေရင်းရန်ပုံငွေရရှိမှုအပေါ်မူတည်၍ နှစ်ဆက်လုပ်ငန်းအဖြစ် ဆက်လက်လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဆင်သေချောင်းကူး(ရွှေမြို့ကျေးရွာအဝင်) တံတားတည်ဆောက်ပြီးစီးပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရွှေမြို့တံတားရေလမ်း၏ ရေထိန်းနံရံအပါအဝင် ရေလမ်းကြောင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆင်သေချောင်းကွင်းဆင်းတိုင်းတာစစ်ဆေးရေးအဖွဲ့၏ တင်ပြချက် Master Plan ပါ အစီအမံများအရ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**တွံတေးမဲဆန္ဒနယ်မှ ဦးဝင်းမြင့်၏ တွံတေးမြို့နယ် စည်ပင်ဈေးကြီးအား ခရိုင်အဆင့်မြင့်ဈေးကြီးတစ်ခုအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိအား သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အဆိုပါဈေးရုံကြီးအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအနေဖြင့် အလျား ၈၁ ပေ၊ အနံ ၃၇ ပေ၊ အမြင့် ပေ ၂၀ ဈေးရုံနှစ်ရုံ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် ၁၇၉ ဒသမ ၈၂ ကျပ်သန်းဖြင့်လည်းကောင်း၊ အလျား ၁၆၈ ပေ၊ အနံ ၃၄ ပေ၊ အမြင့် ပေ ၂၀ သားငါးတန်းဈေးရုံ အဆင့်မြှင့်တင်တည်ဆောက်ခြင်းအတွက် ၃၄၂ ဒသမ ၇၂ ကျပ်သန်းဖြင့်လည်းကောင်း စုစုပေါင်း ၅၂၂ ဒသမ ၅၄ ကျပ်သန်း အသုံးပြု၍ ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တွံတေးမြို့မဈေး အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ပါဝင်ခြင်းမရှိသော်လည်း လာမည့်ဘဏ္ဍာရေးနှစ်များတွင် ဒေသန္တရစီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီး ရန်ပုံငွေလျာထားတောင်းခံကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့အတူ **ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၏ ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မှ လှိုင်သာယာသွားလမ်းမကြီးအနောက်ဘက်အလင်းနေ့စားသောက်ဆိုင်မှ ရခိုင်ရိုးကြီးချောင်းပေါက်အထိ အလျားပေ ၅၅၀၊ အနံ ၆ ပေ၊ အနက် ၅ ပေ၊ ကွန်ကရစ် ရေနုတ်မြောင်းတစ်ခုအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းလျာထားချက်များ ပါဝင်ခြင်းမရှိသဖြင့် ယခုနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်ရေမြောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ဒေသန္တရစီမံကိန်း၌ ထည့်သွင်းရေးဆွဲပြီး လုပ်ငန်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နယ်စပ်ဒေသ၊ တိုင်းရင်းသားရေးရာနှင့် ငြိမ်းချမ်းရေးကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် မကွေးမဲဆန္ဒနယ်မှ ဦးစိုးတင့်နိုင်၊ အတွင်းရေးမှူးအဖြစ် မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်းကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်နှင့် အတွင်းရေးမှူးအဖြစ် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေးတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာ လှတင့်နှင့် အတွင်းရေးမှူးအဖြစ် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦးတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေနှင့် အတွင်းရေးမှူးအဖြစ် ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးအောင်နိုင်ဦးတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဆဋ္ဌမနေ့ကို ဇွန် ၁၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

✪ *ရှေ့ဖုံးမှ*

ဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Abhay Thakurက အမှာစကား ပြောကြားကာ ပစ္စည်းကိရိယာများနှင့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဖွဲ့ချုပ်၊ မြန်မာနိုင်ငံငလျင်ကော်မတီ ဥက္ကဋ္ဌ ဦးညွန့်မောင်ဆန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး ငလျင်ဒဏ်သင့် အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို စစ်ဆေးရာတွင် အသုံးပြုသော စက်ပစ္စည်းကိရိယာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုကြသည်။ **(အောက်ပုံ)**



အိန္ဒိယသမ္မတနိုင်ငံမှ ၂၀၂၆ ခုနှစ် မတ်လက ပထမအကြိမ် အနေဖြင့် ဘေးအန္တရာယ်မတိုင်မီနှင့် ဘေးအန္တရာယ်ဖြစ်ပွားပြီး နောက်အဆောက်အအုံ အကဲဖြတ်ခြင်းများအတွက် စက်ယန္တရားနှင့် ပစ္စည်းကိရိယာ ၁၁ မျိုးနှင့် တန်ဖိုးငွေ ရူပီးသန်း ၂၀ ကျော်တန်ဖိုးရှိ ပစ္စည်းများပါဝင်ပြီး ယနေ့ လွှဲပြောင်းပေးအပ်သည့် ဒုတိယအကြိမ်မြောက် လှူဒါန်းမှုတွင် ငလျင်တိုင်းကိရိယာ၊ ကွန်ကရစ် အတွင်းပိုင်းဘက် စစ်ဆေးသည့် ကိရိယာ၊ အပူလှိုင်းပုံရိပ်ဖမ်း ကင်မရာ၊ အဆောက်အအုံကြံ့ခိုင်မှု စောင့်ကြည့်သည့် စက်ယန္တရားနှင့် ပစ္စည်းကိရိယာများပါဝင်ပြီး တန်ဖိုးငွေ ရူပီး ၁၇ ဒသမ ၇၅ သန်းကျော် တန်ဖိုးရှိကြောင်း သိရသည်။ **သတင်းစဉ်**

သက်ရှိလောက
တည်မြဲဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့။
ကြီးမြန်သစ်ပင်
စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ
ပြည်လည်းလှ။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၁၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ဆက်လက်ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA–S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆွေးနွေးပွဲပထမရက်၌ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည်များအား ဆွေးနွေးပြီး ဆက်လက်၍ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့် ညှိနှိုင်းရရှိထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက် (EAOs များနှင့် ညှိနှိုင်းရရှိသည့် ၂၁ ချက်အပါအဝင်) အား လွှတ်တော်တွင် တင်သွင်းဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖော်ဆောင်မှုဆိုင်ရာ သဘောထားရည်မှန်းချက်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရေး၊ ထိရောက်သော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ပြီး NCA ပါ သဘောတူညီချက်များကို အတူတကွ ပူးတွဲအကောင်အထည်ဖော်နိုင်ရေး၊ NCA လမ်းကြောင်းမှ ထွက်ခွာသွားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး ကမ်းလှမ်းချက်ကို နားလည်လက်ခံပြီး NCA လုပ်ငန်းစဉ်များတွင် ပြန်လည်ပါဝင်လာနိုင်စေရေး၊ ရွေးကောက်ခံအစိုးရသစ်လက်ထက်တွင် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖော်ဆောင်ပေးရေး၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေးမူဝါဒ၊ လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေး ယန္တရားများကိစ္စ၊ ပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား ပြည်သူများထံ ထိရောက်စွာ ရောက်ရှိခံစားနိုင်ရေး၊ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များမပါသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြေညာချက် ထုတ်ပြန်နိုင်ရေး၊ တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်နှင့် လက်နက်ကိုင်လမ်းစဉ်မှ အသွင်ကူးပြောင်းလိုပါက ထာဝရငြိမ်းချမ်းရေးအတွက် မူဝါဒ ၄ ရပ်ဖြင့် ဆောင်ရွက်နိုင်ရေး၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား တိုက်ဖျက်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ခြင်း (Peace Process Review) ဆောင်ရွက်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စတို့အား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာ ဆွေးနွေးချက်များမှ ရှေ့ဆက်လက်ဆောင်ရွက်သွားနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ ညှိနှိုင်းရရှိချက်များအား မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ဆွေးနွေးညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများပြောကြား၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စည်ပင်သာယာရေးဥပဒေများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၁၀**

နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြဋ္ဌာန်း ကျင့်သုံးနေကြသည့် စည်ပင်သာယာရေး ဥပဒေများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို Hybrid စနစ်ဖြင့် ယနေ့မွန်းတည့် ၁၂ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဥပဒေချုပ်များ၊ စည်ပင်သာယာရေး ကော်မတီဝင်များ တက်ရောက်ကြပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတို့က Online ဖြင့် တက်ရောက်ကြသည်။

**အတတ်နိုင်ဆုံးပုံစံတူဖြစ်စေရန် ကြိုးစားဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က တိုင်းဒေသကြီး၊ ပြည်နယ် စည်ပင်သာယာရေး ဥပဒေမူကြမ်းနှင့် မြို့တော်စည်ပင်သာယာရေး ဥပဒေမူကြမ်းတို့ကို ဖြန့်ဝေထားပါကြောင်း၊ အဆိုပါ စည်ပင်သာယာ Model Law ပါ စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော် ရာတွင် မိမိဒေသနှင့် လိုက်လျောညီထွေရှိသည့်ကိစ္စရပ်များကိုသာ ရွေးချယ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြို့တော် စည်ပင်သာယာရေး ဥပဒေများကိုလည်း အတတ်နိုင်ဆုံး ပုံစံတူဖြစ်စေရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်၍ ဥပဒေမူကြမ်းပါ ဖော်ပြချက်များတွင် မိမိဒေသနှင့် မကိုက်ညီသော အချက်များနှင့် ထပ်မံဖြည့်စွက်လိုသော အချက်များရှိပါက ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဥပဒေချုပ်များနှင့် စည်ပင်သာယာရေးကော်မတီဝင်များက ဥပဒေမူကြမ်းများကို ဝိုင်းဝန်း ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၆ ခုနှစ် ဇွန်လ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အားကောင်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအသင့်အတင့် ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရခိုင်ပြည်နယ်တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ငါးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ခြောက်ပေမှ ၁၂ ပေခန့်၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ လက်လုပ်ချိန်ကိုက်မိုင်းထောင်ဖောက်ခွဲမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့နယ်ဦးစီးမှူးရုံး ပြန်လည်ပြုပြင်မှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ လက်လုပ်ချိန်ကိုက်မိုင်းထောင်ဖောက်ခွဲမှုခံရသည့် မြို့နယ်ဦးစီးမှူး ရုံးသို့သွားရောက်ကာ မြို့နယ်ရုံးအတွင်းရှိ ပြည်သူများနားနေဆောင်၌ ယာယီရုံးဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအား နှုတ်ဆက်အားပေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မေးမြန်းဆွေးနွေး၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ဖြည့်ဆည်းပေးသည်။

ယင်းနောက် လုပ်ငန်းဆောင်ရွက်နေချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် ချိန်ကိုက်ဗုံးပေါက်ကွဲမှုကြောင့် ဗုံးစထိမှန်ပျက်စီးသွားသည့် ရုံးအဆောက်အအုံအား ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးခန်းမ၌ စစ်ကိုင်းခရိုင်နှင့် မြို့နယ်ရုံးအသီးသီးမှ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စေတနာရှင်ပြည်သူတစ်ဦးက စစ်ကိုင်းမြို့နယ်ရုံးအတွက် လှူဒါန်းသည့် ထောက်ပံ့ငွေများကို ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ ဗုံးစထိမှန်ဒဏ်ရာရရှိသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများကလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန် ယူနီဆက်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

**ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် အခြေခံပညာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရှေ့ဆက်လုပ်ဆောင်မည့် ဦးစားပေး လုပ်ငန်းစဉ်များတွင် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး သင်တန်း၊ အင်္ဂလိပ်စာသင်ကြားမှု သင်တန်းများနှင့် ကျောင်းစီမံခန့်ခွဲမှုသင်တန်းများ ပံ့ပိုးပေးရေး၊ SEA-PLM အစီအစဉ်များမှတစ်ဆင့် ဒေသတွင်းနိုင်ငံများ၏ ပညာရေးအခြေအနေများနှင့် နှိုင်းယှဉ်လေ့လာခြင်း၊ စာတတ်မြောက်မှုနှုန်းနှင့် ကျား၊ မ ကွာဟချက်ဆိုင်ရာ သုတေသနလုပ်ငန်းများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ ကျောင်းပြင်ပရောက် ကလေးငယ်များ၏ ပညာသင်ယူခွင့် အခွင့်အလမ်းများနှင့် အရည်အချင်း အသိအမှတ်ပြုမှုဆိုင်ရာ ကိစ္စရပ်များ၊ စာသင်ကျောင်းများနှင့် ကလေးငယ်များအတွက် ဘေးကင်းလုံခြုံသောနေရာ ဖြစ်စေရေး အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်း

**ပုသိမ် ဇွန် ၁၀**

ဥပဒေအရာရှိများအား ဥပဒေအရာရှိကျင့်ဝတ်ဆိုင်ရာ တွေ့ဆုံမေးမြန်းခြင်းအစီအစဉ်ကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်လွင်က ပြည်သူများ၏ ယုံကြည်အားကိုးမှုကို ပိုမိုရရှိစေရေး ဖော်ဆောင်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် ခရိုင်ဥပဒေရုံး၊ မြို့နယ်ဥပဒေရုံးများရှိ ဥပဒေအရာရှိများအား သက်ဆိုင်ရာကျင့်ဝတ်ကြီးကြပ်ရေးအဖွဲ့များက အသီးသီးမေးမြန်းကြသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

# တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ကလေး ဇွန် ၁၀**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် ကလေးမြို့၌ဖွင့်လှစ်သည့် တန်ဖိုးမြှင့်စားသောက်ကုန် (Snack အမျိုးမျိုး) ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းကို ဇွန် ၁၆ ရက်အထိ (၇)ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ကြက်သွန်ပေါင်း၊ ငါးမုန့်ခြောက်၊ အုန်းမှုန်ကူ၊ ပဲမှုန်ကူ၊ အာလူးကြော်၊ တို့ဟူးခြောက်၊ ကန်စွန်းဥခြောက်နှင့် စာကလေးခွေကြော် ပြုလုပ်နည်းများ၊ စားသောက်ကုန်သုံး တာရှည်ခံဆေးများ သုံးစွဲနည်း၊ စားသောက်ကုန်ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သင်တန်းသား ၂၀ အား စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မုံရွာ(ကိုယ်ပွား)**



# "မိုးနဲ့အတူ ချစ်ရသူ" လက်ဆင့်ကမ်း တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၁၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဇွန် ၁၂ ရက်၊ သောကြာနေ့ညပိုင်းတွင် "မိုးနဲ့အတူ ချစ်ရသူ" လက်ဆင့်ကမ်း တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့် ပြသမည်ဖြစ်သည်။

"မိုးနဲ့အတူ ချစ်ရသူ" လက်ဆင့်ကမ်း တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ နာမည်ကျော် ဂန္ထဝင်တေးသံရှင်ကြီးများဖြစ်ကြသည့် ခင်မောင်သန်းလေး၊ ဂီတာသာစိန်၊ ကေတုဝင်းထွဋ်၊ မောင်မောင်ထိပ်၊ ပြည်မိုး၊ ထား၊ ဝင့်ဝင့်အေးမြတ်၊ တက္ကသိုလ်နီနီမာ၊ ခင်ခင်၊ ရွှေယမင်းဦး တို့က နာမည်ရတေးသံရှင် စိုးထက်အောင်၊ ဒွံချပ်၊ လွင်အောင်၊ စောဒယ်နီရယ်၊ သျှိုင်းထက်၊ ထွန်းပပအောင်၊ ချိုသဲဦး၊ နန္ဒာဇော်ဝင်း၊ ချောစုသံစဉ်၊ ဝတ်ရည်သင်းတို့နှင့်တွဲဖက်ပြီး နယုန်မိုးတို့က တိမ်ညို တိမ်လိပ်များစီးနင်းကာ လျှပ်ပန်းခွေများ လင်းလက်ပြသမှုနှင့်အတူ မိုးခြိမ်းသံဟိန်းရင်း ငြိုးမာန်ဖွဲ့၍ မိုးပုလဲပန်းများ ရွာသွန်းဖြိုးကြပုံကို ကျေးလက်မြင်ကွင်းများ၊ မိုးရာသီဖွဲ့ ရင်ခုန်သံများနှင့် ပေါင်းစပ်ထားသည့် မိုးလဝသန် ငြိမ့်ညောင်းသာယာတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ ဇွန် ၁၂ ရက် သောကြာနေ့ ည (၉) နာရီခန့်တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇွန် ၁၄ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ***ရှေ့ဖုံးမှ***

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။ သဲကုန်းမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသော ဒေသခံတောင်သူများအနေဖြင့် မိုးစပါးစိုက်ဧကများကို မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်/လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၊ ပျိုးထောင်စိုက်ပျိုးခြင်းနည်းစနစ်များဖြင့် မိုးစပါးစုစုပေါင်း ဧက ၈၂၆၁၀ စိုက်ပျိုးသွားမည်ဖြစ်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးနည်းစနစ်များအား ကွင်းသရုပ်ပြသခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ပံ့ပိုးပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်နည်းများ သရုပ်ပြသခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများကို သက်သာသောဈေးနှုန်းဖြင့် တောင်သူများအား ဖြန့်ဖြူးပေးခြင်း၊ ပိုးမွှားရောဂါကာကွယ်ရေးနှင့် စိုက်ပျိုးနည်းပညာများ လက်တွေ့ကွင်းဆင်းသရုပ်ပြသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကိုကျော် (သဲကုန်း)**

# အဓိကမျှော်တွေး ကျန်းမာရေး

ဒေါက်တာဇေယျာဝင်း

ကျန်းမာရေးဆိုသည်မှာ ရောဂါမရှိခြင်းသာမက ကိုယ်ကျန်းမာခြင်း၊ စိတ်ကျန်းမာခြင်းနှင့် လူမှုဆက်ဆံရေးကောင်းမွန်ခြင်းတို့ အပြည့်အဝရှိနေခြင်းကို ဆိုလိုပါသည်။ ကျန်းမာရေးကောင်းမွန်ခြင်းသည် ပညာသင်ကြားနိုင်စွမ်း၊ အလုပ်လုပ်နိုင်စွမ်းတို့ကို မြှင့်တင်ပေးပါသည်။ ကျန်းမာရေးကောင်းမွန်သော လူမှုအသိုင်းအဝိုင်းတစ်ခုသည် လူမှုရေးတည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးကိုလည်း အထောက်အကူပြုပါသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ကာ ကျန်းမာရေးကောင်းမွန်မှုသည် မိသားစုကြီးပွားချမ်းသာရေးမှသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအထိ အရေးကြီးသော အခြေခံအုတ်မြစ်ပင်ဖြစ်ပါသည်။

❖ ကျန်းမာရေးပညာပေးလုပ်ငန်းများသည်လည်း အလွန်အရေးကြီးသည်။ လူထုအနေဖြင့် ရောဂါများ၏ အန္တရာယ်၊ ကာကွယ်နည်းနှင့် ကျန်းမာသောနေထိုင်မှုပုံစံများကို သိရှိနားလည်လာပါက ရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်မည်ဖြစ်သည်။ ရောဂါဝေဒနာခံစားရပြီးမှ ဆေးရုံတက်ကုသခြင်းထက် တစ်ဦးချင်းစီ၏ အခြေခံကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကာကွယ်ဆေးထိုးနှံခြင်းတို့ကို အဓိကထားခြင်းဖြင့် နိုင်ငံတော်တစ်ခုလုံး၏ လူသားအရင်းအမြစ် ပျက်စီးဆုံးရှုံးမှုကို အနိမ့်ဆုံးအဆင့်သို့ လျှော့ချပေးနိုင်

❖ နိုင်ငံတော်အစိုးရသစ်အနေဖြင့် တိုင်းပြည် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမှာ လူ့စွမ်းအားအရင်းအမြစ်များပေါ်တွင်သာ မူတည်ကြောင်း ကောင်းစွာသိမြင်သည့်အလျောက် ပညာရေး၊ ကျန်းမာရေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အာရုံစိုက်လုပ်ဆောင်သွားမည်

### ရေဒီယို အမှတ်တရ

လွန်ခဲ့သော ၁၉၈၀ ပြည့်လွန်နှစ်များက မြန်မာ့လူ့အဖွဲ့အစည်း၏ လူနေမှုဘဝပုံစံသည် ယနေ့ခေတ်ကဲ့သို့ လျင်မြန်ဆန်းပြားခြင်း မရှိသေးဘဲ ရိုးရှင်းအေးချမ်းလှပါသည်။ ထိုခေတ်အခါက လူထု၏ နေ့စဉ်ဘဝကို လွှမ်းမိုးမွမ်းမံပေးနိုင်သော အဓိကမီဒီယာမှာ မြန်မာ့အသံမှထုတ်လွှင့်ခဲ့သော လေထဲမှ အသံလှိုင်းများကို ဖမ်းယူနားဆင်နိုင်သည့် အိမ်တိုင်းစေ့နီးပါးတွင်ရှိကြသော ရေဒီယိုများပင်ဖြစ်ပါသည်။ နေ့လယ်နေ့ခင်းအချိန်များမှာ မြန်မာ့အသံရေဒီယိုလေလှိုင်းမှတစ်ဆင့် ပျံ့လွှင့်ခဲ့သော “အဓိကမျှော်တွေး ကျန်းမာရေး” ဆိုသည့် သီချင်းတစ်ပုဒ်ရှိခဲ့ပါသည်။

ထိုတေးသီချင်းစာသားများမှာ “ အာရောဂျံ၊ ပရမံ၊ လာဘံ…ဆိုစကား.. ဒို့များသိထားကြပါသည်… လုပ်အားကိုယ်စီ.. တူညီပေးဖို့ ဒို့များကိုယ်စီ.. ကျန်းမာဖို့လိုသည်…ကျန်းမာမှ အလုပ်လုပ်နိုင်မည်… အဖိုးမဖြတ်နိုင်ပါသည်.. စိတ်မှာတွေး.. ကျန်းမာရေးသည်..အဓိကအရေးဖြစ်သည်.. ဒို့ယုံကြည်…” စသည်ဖြင့် သိန်းတန်(မြန်မာပြည်)၏ တေးသံစဉ်တွင် ရန်ကင်းအောင်မြင့်သန်း စာသားသီကုံးထားပြီး အဆိုတော် သန်းသန်းနွယ် သီဆိုထားသော ယင်းသီချင်းမှာ ရိုးရှင်းခေတ်မီကာ လူတိုင်းပါးစပ်ဖျားတွင် စွဲစေပါသည်။

ယင်းသည် ရိုးရှင်းသော အတိတ်ခေတ်တစ်ခု၏ ပြည်သူ့ကျန်းမာရေးလှုံ့ဆော်မှု သက်သက်မျှသာ မဟုတ်ခဲ့ချေ။ ကျန်းမာသောကလေးများမှ ကျန်းမာသော အလုပ်လုပ်နိုင်သူများဖြစ်လာကြပြီး နိုင်ငံအတွက်နှင့် မိမိကိုယ်တိုင်အတွက် တိုးတက်ကြီးပွားကြောင်းများ လုပ်ဆောင်နိုင်ကြမည်ဖြစ်ကာ အရွယ်သုံးပါးစလုံး ကျန်းမာသော လူ့အဖွဲ့အစည်းသည်လည်း တိုင်းပြည်၏ အင်အားပင်ဖြစ်လာပေလိမ့်မည်။ ထို့နည်းတူ ဆောင်းရာသီတွင် နံနက်ချိန်ခါ လမ်းလျှောက်ခြင်းသည် ကောင်းမွန်ကြောင်းကို မြန်မာ့အသံ၏ ထုတ်လွှင့်မှုအား ရေဒီယိုမှတစ်ဆင့် “စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့” သီချင်းဖြင့် လှုံ့ဆော်ခဲ့သည်မှာ ထိရောက်လှကြောင်း ထိုသီချင်းကြားဖူးသူများ အသိပင်။

သောတရှင် ပရိသတ်များကလည်း လိုက်နာလုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် ထိုခေတ်နာမည်ကျော် အဆိုကျော်တစ်ဦး(နာမည်မမှတ်မိ၊ အမျိုးသမီး အဆိုကျော်ဖြစ်သော်လည်း အသံက အမျိုးသားအသံ ဩဩလေးနှင့် ဆိုတတ်သူ) သီဆိုထားသော “အသဲအူလှိုက်မှာ အမြဲရှူရှိုက်ပါ..လမ်းလျှောက်ကြကုန်.. ကျန်းမာရေးအလေးထား အားကစားစရာတွေ စုံ၊စုံ၊စုံ…အားအင်ဖွံ့ဖြိုး အလှတိုးအောင်.. ကြိုးကလေးများ ခုန်၊ ခုန်၊ ခုန်…”စသည်ဖြင့် သီချင်းတစ်ပုဒ်ရှိသေးသည်။ အဆိုကလည်း ကောင်း သီချင်းစာသားအတိုင်းလည်း ဖြစ်ချင်ကြတော့ အဲဒီခေတ်က မိန်းကလေးများ ကြိုးခုန်လိုက်ကြသည်မှာ ကြိုးခုန်ကြိုးရောင်းသူများ အတော်ရောင်းကောင်းကြကြောင်းလည်း ကြားဖူးပါသည်။

### အခြေခံအုတ်မြစ်

လူတစ်ဦးချင်းစီ သက်ရှည်ကျန်းမာနေခြင်းက မိသားစုနှင့် လူ့အဖွဲ့အစည်းအတွက် ဆေးဝါးကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုးများကို လျှော့ကျစေရုံသာမက နိုင်ငံတော်အတွက် အားကိုးရသည့် ကုန်ထုတ်လုပ်မှုစွမ်းအားကို စဉ်ဆက်မပြတ် မြှင့်တင်ပေးနိုင်ပါသည်။ ကျန်းမာကြံ့ခိုင်သော လုပ်သားထုကြီးရှိမှသာ စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် နည်းပညာကဏ္ဍများကို အရှိန်အဟုန်ဖြင့် တိုးချဲ့နိုင်မည်ဖြစ်သည်။

သက်ရှည်ကျန်းမာရေးနှင့်ပတ်သက်၍ “ကာကွယ်ခြင်းသည် ကုသခြင်းထက်ကောင်းသည်” ဆိုသည့်အတိုင်း ရောဂါဖြစ်ပြီးမှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် ပိုမိုထိရောက်ပြီး ကုန်ကျစရိတ်လည်း သက်သာသည်။ ကျန်းမာရေးကောင်းမွန်စေရန် အခြေခံအချက်များမှာ အာဟာရပြည့်ဝပြီး မျှတသောအစားအစာ စားသုံးခြင်း၊ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ပိုမိုစားသုံးခြင်း၊ အဆီ၊ ဆားနှင့် သကြားလွန်ကဲမှု လျှော့ချခြင်း၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်း၊ အိပ်ရေးဝဝအိပ်ခြင်း၊ စိတ်ဖိစီးမှုကို ထိန်းချုပ်နိုင်ခြင်း၊ ဆေးလိပ်၊ အရက်နှင့် မူးယစ်ဆေးဝါးများ ရှောင်ကြဉ်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများ ပုံမှန်ပြုလုပ်ခြင်းတို့ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများသည်လည်း အလွန်အရေးကြီးသည်။ လူထုအနေဖြင့် ရောဂါများ၏ အန္တရာယ်၊ ကာကွယ်နည်းနှင့် ကျန်းမာသောနေထိုင်မှုပုံစံများကို သိရှိနားလည်လာပါက ရောဂါဖြစ်ပွားမှုနှုန်းကို လျှော့ချနိုင်မည်ဖြစ်သည်။ ရောဂါဝေဒနာခံစားရပြီးမှ ဆေးရုံတက်ကုသခြင်းထက် တစ်ဦးချင်းစီ၏ အခြေခံကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကာကွယ်ဆေးထိုးနှံခြင်းတို့ကို အဓိကထားခြင်းဖြင့် နိုင်ငံတော် တစ်ခုလုံး၏ လူသားအရင်းအမြစ် ပျက်စီးဆုံးရှုံးမှုကို အနိမ့်ဆုံးအဆင့်သို့ လျှော့ချပေးနိုင်သည်။

### မမြင်ရသောစစ်ပွဲ

သမိုင်းကြောင်းကို ပြန်ကြည့်လျှင် လူသားမျိုးနွယ်စုများသည် နိုင်ငံရေးစစ်ပွဲများ၊ လက်နက်ကိုင်ပဋိပက္ခများထက် မမြင်ရသော ရန်သူဖြစ်သည့် ‘ရောဂါပိုးမွှားများ’နှင့် ပိုမိုပြင်းထန်စွာ တိုက်ခိုက်ခဲ့ရသည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာ့သမိုင်းတွင် ရောဂါဘယကြောင့် နိုင်ငံများနှင့် အင်ပါယာကြီးများ ထိခိုက်ပြိုလဲခဲ့ရသည့် သာဓကများစွာ ရှိခဲ့ဖူးပါသည်။

ဥပမာအားဖြင့် အေဒီ ၆ ရာစုက ဂျက်စတီးနီးယန်းပလိပ်ရောဂါ (Plague of Justinian) ကြောင့် ဘိုင်ဇန်တိုင်းအင်ပါယာ (Byzantine Empire) ၏ စစ်အင်အားနှင့် လူဦးရေ ထက်ဝက်နီးပါး ဆုံးရှုံးခဲ့ရပြီး အင်ပါယာကြီးပြိုကွဲမှုကို မြန်ဆန်စေခဲ့သည်။ ထို့အတူ ၁၄ ရာစုအတွင်း ဥရောပလူဦးရေ၏ သုံးပုံတစ်ပုံကျော်ကို သေကျေပျက်စီးစေခဲ့သော ပလိပ်ကပ်ရောဂါ (Black Death)ကြောင့် ထိုခေတ်က ခိုင်မာလှပါသည်ဆိုသော မြေရှင်ပဒေသရာဇ်စနစ်ကြီးတစ်ခုလုံး အခြေခံမှစ၍ ပျက်စီးပြောင်းလဲသွားခဲ့ရသည်။ ခေတ်သစ်သမိုင်းတွင်လည်း ၁၉၁၈ ခုနှစ် စပိန်တုပ်ကွေး (Spanish Flu) ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြောင့် လူဦးရေသန်း ၅၀ ကျော် သေဆုံးခဲ့ရပြီး ပထမကမ္ဘာစစ်အပြီး နိုင်ငံအသီးသီး၏ စီးပွားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို နှစ်ပေါင်းများစွာ နောက်ကျဆွဲဆန့်ပစ်ခဲ့သည်။

ယင်းသမိုင်းသင်ခန်းစာများသည် အတိတ်ခေတ်တွင်သာမက နည်းပညာထွန်းကားသော ယနေ့ခေတ်တွင်လည်း ဆက်လက်သက်ရောက်နေဆဲဖြစ်သည်။ မကြာသေးမီက ကြုံတွေ့ခဲ့ရသော ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်တွင် အဆင့်မြင့်စစ်လက်နက်များနှင့် နျူကလီးယားလက်နက်များ ပိုင်ဆိုင်ထားသည့် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နှင့် အီတလီကဲ့သို့သော ဖွံ့ဖြိုးပြီး နိုင်ငံကြီးများ၌ပင် ကျန်းမာရေးကဏ္ဍ အခြေခံအဆောက်အအုံ မလုံလောက်မှုကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ကူးစက်မှုကို ထိန်းချုပ်ရန် ကုန်ထုတ်လုပ်မှုနှင့် လေကြောင်းလိုင်းအချို့ကို ယာယီရပ်ဆိုင်းကာ Lockdown ချမှတ်ခဲ့ရပြီး လူမှု-စီးပွား ယန္တရားများအပေါ် သက်ရောက်မှုကြီးမားခဲ့သည်။ ယင်းဖြစ်ရပ်များက သက်သေပြနေသည်မှာ နိုင်ငံတော်လုံခြုံရေး (National Security) သည် စစ်ရေးအင်အား တစ်ခုတည်းအပေါ်တွင် တည်မှီနေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေးစနစ်ခိုင်မာမှုနှင့် ပြည်သူလူထု၏ ကျန်းမာရေးအသိဉာဏ်အပေါ်၌လည်း မူတည်သည်ဟူသော အချက်ပင်ဖြစ်သည်။

### မြင်ကွင်းကျယ်ကျန်းမာရေး

ခေတ်သစ်ကမ္ဘာကြီးတွင် ကျန်းမာရေးပြဿနာများသည် သာမန်ရောဂါဘယကိစ္စရပ်များထက် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ အစားအစာဘေးကင်းလုံခြုံမှုမရှိခြင်းနှင့် လူဦးရေသိပ်သည်းမှုများကြောင့် ကျန်းမာရေးစိန်ခေါ်မှုများသည် ပထဝီနိုင်ငံရေး၊ လူမှု-စီးပွားရေးတို့နှင့် ဒွန်တွဲနေသည့် “ကျန်းမာရေးမြင်ကွင်းကျယ်” (Health Panorama) ဖြစ်လာခဲ့သည်။

### အစိုးရသစ်၏ လုပ်ငန်းစဉ်များ

နိုင်ငံတော်အစိုးရသစ်အနေဖြင့် တိုင်းပြည် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမှာ လူ့စွမ်းအားအရင်းအမြစ်များပေါ်တွင်သာ မူတည်ကြောင်း ကောင်းစွာသိမြင်သည့်အလျောက် ပညာရေး၊ ကျန်းမာရေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အာရုံစိုက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍ အထူးအားဖြင့် ပြည်သူအားလုံး လက်လှမ်းမီစေမည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) တိုးချဲ့ဆောင်ရွက်နိုင်ရန် ငွေကြေးနေမပြည့်စုံသူများပါမကျန် ပြည်သူတိုင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ သို့မဟုတ် သက်သာသောစရိတ်ဖြင့် တန်းတူညီမျှ လက်လှမ်းမီနိုင်ရန် တိုးချဲ့လုပ်ဆောင်ခြင်း၊ ကျန်းမာရေး အသိပညာမြှင့်တင်ခြင်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ခြင်း၊ ကူးစက်တတ်သော ရောဂါများသာမက သွေးတိုး၊ ဆီးချိုနှင့် နှလုံးရောဂါကဲ့သို့ လူနေမှုစနစ်ကြောင့်ဖြစ်သော မကူးစက်တတ်သည့် ရောဂါများကို ကြိုတင်ကာကွယ်နိုင်မည့် ကျန်းမာရေးအသိပညာများကို ဒီဂျစ်တယ်မီဒီယာများမှတစ်ဆင့် ထိရောက်စွာ မျှဝေခြင်း၊ မှန်ကန်သော သတင်းအချက်အလက်ကို အခြေခံကာ ယခုလို ဒီဂျစ်တယ်မီဒီယာခေတ်တွင် ပျံ့နှံ့နေသော ကျန်းမာရေးဆိုင်ရာ သတင်းမှားများကို တွန်းလှန်ပြီး သိပ္ပံနည်းကျ ခိုင်လုံသော ဆေးဘက်ဆိုင်ရာ အချက်အလက်အမှန်များကို အများပြည်သူသိရှိစေရန် မျှဝေပေးခြင်း စသည်တို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရပါသည်။

အချုပ်ဆိုရပါမူ ကျန်းမာရေးဟူသည် ကျန်းမာရေးဝန်ထမ်းများနှင့် အစိုးရများကသာ ဖန်တီးရမည့် အရာမဟုတ်ဘဲ ပြည်သူတစ်ဦးချင်းစီက မိမိတို့၏ အိမ်ထောင်စု၊ မိမိတို့၏ ရပ်ရွာမှစ၍ တာဝန်ယူရမည့် “လူထုဗဟိုပြုစနစ်”ပင်ဖြစ်ပါသည်။ အတိတ်ခေတ်၏ ကောင်းမွန်သော “အပြန်အလှန်ဖေးမကူညီမှု” စိတ်ဓာတ်ကို အရင်းတည်ကာ ခေတ်မီဆန်းသစ်သော ဆေးဝါးနည်းပညာများနှင့် ပေါင်းစပ်ပြီး ပြည်သူတစ်ရပ်လုံး သက်ရှည်ကျန်းမာစေရန် စနစ်တကျ အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း “အဓိကမျှော်တွေးကျန်းမာရေး” ဟူသည့် ခေတ်ဟောင်းရေဒီယို တေးတစ်ပုဒ်မှ ရရှိသည့် အတွေးစကို ဆန့်ထုတ်မိပါတော့သည်။ ။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**



## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဒိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဒိုက်ဦး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာအုပ်စု၌ မွေးမြူရေးလုပ်ငန်းရှင် ဦးဥက္ကာ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဥစားဘဲကောင်ရေ ၆၅၀၀ ထပ်မံတိုးချဲ့မွေးမြူထားရှိမှု၊ ရှမ်းစုကျေးရွာအုပ်စု၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြေမြှုပ်နေမှုနှင့် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်မေစိုးသူ၏ ကိုယ်တိုင်သားဖောက်၍ ဒေသကြက်ကောင်ရေ ၃၅၀၀ အောင်မြင်စွာမွေးမြူထားရှိမှုတို့ကို ကွင်းဆင်းကြည့်ရှုပြီး တိရစ္ဆာန်ဆေးပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု၌ စိုက်ပျိုးရေးဦးစီးဌာနက မိုးသီးနှံစိုက်ကေများအတွက် ဓာတ်မြေသြဇာလျှော့ချသုံးစွဲနိုင်ရေး စပါးခွံမီးသွေး (Biochar)နှင့် သဘာဝပိုးသတ်ဆေး စပါးခွံပေါင်းခံရည် ထုတ်လုပ်သရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မြေချဉ်ငံဓာတ်ပါရှိမှုကို လက်တွေ့စမ်းသပ်တိုင်းတာပြသသည်။

ယင်းနောက် ဝမ်းဘဲအင်းကျေးရွာအုပ်စုရှိ ရေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီး၌ ဓာတ်လှေကားအသစ်တပ်ဆင်နိုင်ရေးနှင့် တောင်ပတ်လမ်းအသစ် ဖောက်လုပ်နိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## နေရောင်ခြည်စွမ်းအင်သုံး ၃၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်း နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုး

**ပုသိမ် ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုစီမံကိန်းရုံးတွင် Helio Power Energy Co.,Ltd. ၏ နေရောင်ခြည်စွမ်းအင်သုံး ၃၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်းနှင့် မိတ်ဖက်ကုမ္ပဏီများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိတ်ဖက်ကုမ္ပဏီများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ရှေ့မှောက်၌ Helio Power Energy Co.,Ltd. နှင့် မိတ်ဖက်ကုမ္ပဏီများက နားလည်မှုစာချွန်လွှာများကို အပြန်အလှန်လက်မှတ်ရေးထိုးကာ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းသည် စုစုပေါင်း မဂ္ဂါဝပ် ၉၀ ထုတ်လုပ်မည်ဖြစ်ပြီး စီမံကိန်း၏ ပထမအဆင့် ၃၀ မဂ္ဂါဝပ်ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ဒေသ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်ရုံသာမက စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သိရှိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




ကရင်ပြည်နယ်
မြဝတီမြို့နယ်
ရွှေကုက္ကိုလ်နယ်မြေရှိ
အွန်လိုင်းလိမ်လည်
လောင်းကစားမှုများ
လုပ်ကိုင်ခဲ့သည့် တရားမဝင်
အဆောက်အအုံများအား
ဖောက်ခွဲဖျက်ဆီးမှု
နေရာပြမြေပုံ။




◆ *ကျောဖုံးမှ*

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်၊ ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့်အဆောက်အအုံ ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိကြောင်း၊ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၂၅ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇွန် ၁၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ လောခမ္မရပ်ကွက် သီရိမင်္ဂလာလမ်း လမ်းဘေးဝဲယာတွင် မိုးရာသီ၌ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများတူဖော်ခြင်းနှင့် မြောင်းအတွင်းရှိ အမှိုက်သရိုက်များ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကန္ဒရဝတီလမ်းနှင့် အမှတ်(၄) လမ်းထောင့်ရှိ ပြည်နယ်လုံးကျွတ်စာတတ်မြောက်ရေး အထိမ်းအမှတ်ပန်းခြံသို့ရောက်ရှိပြီး မြေယာပြုပြင်ဆောင်ရွက်မှုနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ လွိုင်ကော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စိုက်ပျိုးထားရှိသည့် ပျိုးခြံအမှတ်(၁)နှင့် (၂)အတွင်း ပျိုးပင် ၂၅ မျိုး၊ အရေအတွက် ၃၄၀၀၀ ကျော် ပျိုးထောင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(မြန်/ဆက်)



## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဇွန် ၁၀**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့၊ ကိန္နရီ ကိန္နရာ၊ တိုးနယားအဖွဲ့၊ ပညာရေးဒီဂရီကောလိပ်အဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး အမျိုးသားပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်ခရိုင်အတွင်းရှိ ခရိုင် / မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**မြိတ် ဇွန် ၁၀**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြိတ်မြို့ရှိ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် ရုံးခန်းမ၌ မြိတ်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များနှင့် လည်းကောင်း၊ မြိတ်ခရိုင်၊ မြို့နယ် ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တင်ပြချက်အပေါ် ဖြေရှင်းဆောင်ရွက်ပေးကာ စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ပုံငွေအတွက် ချီးမြှင့်ငွေကျပ်သိန်း ၁၀၀၊ ရဲမှုထမ်းဟောင်းအဖွဲ့အတွက် ရန်ပုံငွေကျပ်သိန်း ၃၀ နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခိုင်ထူး (မြန်/ဆက်)



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

## မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အောက်ရှိ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်အရ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနခွဲ(ရန်ကုန်) နည်းပညာဆိုင်ရာ ရုံးသုံးစက်ကိရိယာပစ္စည်းတပ်ဆင်သည့် စီမံကိန်းပြီးမြောက်မှု အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၀**

မဲခေါင်-ဂင်္ဂါ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်ရှိ မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်အရ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနခွဲ (ရန်ကုန်) နည်းပညာဆိုင်ရာ ရုံးသုံးစက်ကိရိယာပစ္စည်း (Multi Large Display) တပ်ဆင်သည့် စီမံကိန်းပြီးမြောက်မှုအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ကျင်းပသည်။




အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr.Abhay Thakur၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် အိန္ဒိယသံအမတ်ကြီးတို့က Multi Large Display ကို ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုအမှာစကားပြောကြားကာ ဒုတိယဝန်ကြီးက အိန္ဒိယသံအမတ်ကြီးထံ စီမံကိန်းပြီးမြောက်ခြင်းဆိုင်ရာ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## သရက်မြို့၌ ကွန်ကရစ်ရေမြောင်းနှင့် လူသွားစင်္ကြံလမ်း ဆောင်ရွက်

**သရက် ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် လမ်းဦးစီးဌာနက ရေစီးရေလာကောင်းမွန်ရေးအတွက် သရက်-မင်းတုန်းလမ်း လမ်းဘေးဝဲယာ ကွန်ကရစ်ရေမြောင်းဖောက်လုပ်ခြင်းနှင့် လူသွားစင်္ကြံ ဆောင်ရွက်ခြင်းလုပ်ငန်းများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ယမန်နေ့ ညနေပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်ရေမြောင်းဖောက်လုပ်ခြင်းနှင့် လူသွားစင်္ကြံ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ Quick Win အစီအမံဖြင့် အရှည် ၁၇၄၉ ပေကို အသုံးစရိတ်ရန်ပုံငွေကျပ် ၁၇၁ သန်း အကုန်ကျခံကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနက သိရသည်။

ခရိုင်(မြန်/ဆက်)



◆ *ရှေ့ဖုံးမှ*


အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ယာယီ ထိန်းချုပ်ထားခဲ့သည့် ထန်တလန်မြို့အား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာ ထိန်းချုပ်ထားနိုင်ခဲ့သည်။

ထိုသို့ ပြန်လည်ထိန်းချုပ်ပြီး တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့ရွာများအား ပြန်လည်တိုက်ခိုက်ထိန်းချုပ်ကာ ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်၍ ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများကို မော်တော်ယာဉ်များဖြင့် အင်တိုက်အားတိုက် ပို့ဆောင်ပေးလျက်ရှိသည်။

ထို့အတူ ထန်တလန်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဓိကကုန်စည်ပို့ဆောင်ရေးလမ်းကြောင်းဖြစ်သည့် ဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး အဆိုပါ လမ်းကြောင်းတစ်လျှောက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဇွန် ၄ ရက်မှစ၍ ကန့်သတ်ချက်များကြားမှ ခက်ခက်ခဲခဲဖြင့် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပွိုင့် ၁၉၂၁ တောင်ကုန်းအား ဇွန် ၆ ရက်တွင်လည်းကောင်း၊ ပွိုင့် ၂၀၆၉ တောင်ကုန်းအား ဇွန် ၇ ရက်တွင်လည်းကောင်း၊ တာဝါတိုင်ကုန်းစခန်းအား ဇွန် ၈ ရက်တွင်လည်းကောင်း အဆင့်ဆင့် သိမ်းပိုက်ခဲ့ပြီး ဇွန် ၉ ရက် ညနေပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများအနေဖြင့် ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကာ ဒေသတွင်း ကုန်စည်ပို့ဆောင်မှုများတွင် အခက်အခဲမရှိ ပြန်လည်အသုံးပြုသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော ဟားခါး-ထန်တလန် ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ခဲ့သည့် နေရာပြမြေပုံ။







တပ်မတော်စစ်ကြောင်းများက ထန်တလန်မြို့ရှိ အစိုးရအဆောက်အအုံနှင့် သာသနိကအဆောက်အအုံအား ပြန်လည်ထိန်းချုပ်ထားမှုကို တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက ဟားခါး-ထန်တလန် လမ်းကြောင်းရှိ တာဝါတိုင်ကုန်းစခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ဟားခါး-ထန်တလန် လမ်းကြောင်းရှိ ပွိုင့် ၁၉၂၁ စခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက ဟားခါး-ထန်တလန် လမ်းကြောင်းရှိ ပွိုင့် ၁၉၂၁ စခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။




တပ်မတော်စစ်ကြောင်းများက ဟားခါး-ထန်တလန် လမ်းကြောင်းရှိ ပွိုင့် ၂၀၆၉ စခန်းအား သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

# ငါးမွေးမြူရေးလုပ်ငန်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံ့ငါးရိက္ခာ ဖူလုံရေးဆီသို့

**စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များမှ ပန်းတိုင် (၂)ဖြစ်သည့် "ငတ်မွတ်ခေါင်းပါးမှု အဆုံးသတ်ရေး၊ အစားအစာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး"နှင့် စပ်လျဉ်း၍ ငါးလုပ်ငန်းဦးစီးဌာနက သင့်တော်ပြီး ရေရှည်တည်တံ့မည့် ဖမ်းဆီးမွေးမြူခြင်းကျင့်ရပ်များကို အသုံးချဆောင်ရွက်လျက်ရှိပါသည်။**

*ဒေါက်တာအောင်နိုင်ဦး(ငါးဦးစီး)*

ငါးဖမ်းလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများမှ အကျိုးအမြတ်များနှင့် အမြင့်မားဆုံးရလဒ်များ ရရှိရေးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ တိုးချဲ့ပညာပေးရေးစနစ် ဖွံ့ဖြိုးလာရန်၊ ငါးလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ရရှိရေးအတွက် အသက်မွေးလုပ်ငန်းနှင့် တတိယအဆင့် ပညာရေးစနစ်များ ဖွံ့ဖြိုးလာရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များမှ ပန်းတိုင် (၁၄) ဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုများ ရေရှည်ဖြစ်ထွန်းစေရေးအတွက် ပင်လယ်များ၊ သမုဒ္ဒရာများနှင့် ပင်လယ်ပြင်ရှိ သယံဇာတအရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေရှည်သုံးစွဲနိုင်ရေးဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ငါးလုပ်ငန်းဦးစီးဌာနက ညွှန်ကြားချက်အမှတ်(၁၀/၉၄) ဖြင့် ငါးပြုပြင်ထုတ်လုပ်သော အအေးခန်းများနှင့် ရေခဲစက်များမှ စွန့်ပစ်ရေများကို သဘာဝရေပြင်သို့ စွန့်ထုတ်ခြင်းအား သတ်မှတ်ချက်များနှင့်အညီ စွန့်ထုတ်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပါသည်။

**စွန့်ပစ်ရေများကို သဘာဝရေပြင်သို့ သတ်မှတ်ချက်များနှင့်အညီ စွန့်ထုတ်**

ငါးလုပ်ငန်းဦးစီးဌာနက ညွှန်ကြားချက်အမှတ် (၂/၉၈) ဖြင့် ရေသတ္တဝါမွေးမြူသည့် ကန်များမှ အသုံးပြုပြီးသော စွန့်ပစ်ရေများကို သဘာဝရေပြင်သို့ စွန့်ပစ်ရာ၌ သတ်မှတ်ချက်များနှင့်အညီ စွန့်ထုတ်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပါသည်။ ထို့ပြင် ပြင်ဆင်ရေးဆွဲလျက်ရှိသော ငါးမွေးမြူရေးဥပဒေမူကြမ်းတွင် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းမှ အသုံးပြုပြီးသော စွန့်ပစ်ရေများ စွန့်ထုတ်ခြင်းနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်အောင် စောင့်ကြည့်လေ့လာသွားရန်၊ ရေသတ္တဝါမွေးမြူရေးလုပ်ငန်း၏စံနှုန်းများနှင့် ကိုက်ညီစွာ မွေးမြူပြီး ပတ်ဝန်းကျင်၏ ရေအရည်အသွေးကို အကဲဖြတ်ဆန်းစစ်သွားရန်၊ အထူးသဖြင့် ပတ်ဝန်းကျင်နှင့် ရေထုညစ်ညမ်းမှုကို တိုင်းတာရန်နှင့် လိုအပ်ပါက ဇီဝမျိုးကွဲမှုကို ကာကွယ်ထိန်းသိမ်းရန်၊ ငါးသယံဇာတ ဇီဝမျိုးကွဲမှု၊ မျိုးပွားနေရာများ၊ ငါးသယံဇာတနှင့် ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ၊ ပင်လယ်မြက်ခင်းပြင်၊ သန္တာကျောက်တန်း၊ ရေဖုံးလွှမ်းသော သစ်တောနယ်မြေနှင့် ဒီရေရောက်တောများကို ဆိုးကျိုးထိခိုက်စေမှုများ ရှောင်ရှားလျက် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ငါးသားပေါက်များ ပွားများလာစေရန်နှင့် ငါးမျိုးစိတ်များ ပိုမိုကြွယ်ဝလာစေရန်၊ အဆိုပါနေရာများ၌ စီးပွားဖြစ်ရေသတ္တဝါ မွေးမြူခြင်းလုပ်ကိုင်မှုကို ခွင့်မပြုရန်တို့ကို ထည့်သွင်းရေးဆွဲဖော်ပြပါရှိပါသည်။

ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး အမျိုးသားအဆင့် ရေသတ္တဝါမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (National Aquaculture Development Plan–NADP)ကို မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုပန်းတိုင်များကို အထောက်အကူပြုရန် (Myanmar Sustainable Development Plan–MSDP)၏ မျှော်မှန်းချက်၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Agriculture Development Strategy– ADS) အခြေခံစည်းမျဉ်းများ၊ အမျိုးသားပို့ကုန် မဟာဗျူဟာ (National Export Strategy–NES)နှင့် အခြားအမျိုးသားအဆင့် စည်းမျဉ်းမူဘောင်များ၏ လမ်းညွှန်ချက်များနှင့်အညီ ငါးမွေးမြူရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒနှင့် ဥပဒေမူဘောင်ဆိုင်ရာ အထောက်အပံ့များပေးရန် ရည်ရွယ်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**"GSA သည် အုပ်ချုပ်မှုနှင့် စီမံကိန်းရေးဆွဲခြင်းအတွက် ရေရှည်တည်တံ့သော ရေနေသတ္တဝါ မွေးမြူရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ တာဝန်ခံမှု၊ တန်းတူညီမျှမှုနှင့် ထိရောက်မှုကဲ့သို့သောမူများကို မြှင့်တင်ပေးပါသည်။ ထိရောက်သောအုပ်ချုပ်မှုသည် လူ့အဖွဲ့အစည်းနှင့် မွေးမြူရေးသမား နှစ်ဦးစလုံးအတွက် ဘေးအန္တရာယ်များကို လျှော့ချပေးပြီး သင့်လျော်သော အရင်းအမြစ်ခွဲဝေချထားမှုကို သေချာစေပြီး ရင်းနှီးမြှုပ်နှံမှုအတွက် လုံခြုံသော ပတ်ဝန်းကျင်ကို မြှင့်တင်ပေးပါသည်။ ကွဲပြားသော ရေသတ္တဝါမွေးမြူရေး စနစ်များနှင့် မျိုးစိတ်များကို အသုံးပြုခြင်းသည် သမားရိုးကျနှင့် ဆန်းသစ်သော စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များမှ အကျိုးကျေးဇူးများရရှိ"**

စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (၂၀၂၆–၂၀၃၀)၏ မဏ္ဍိုင်များ၌ မဏ္ဍိုင် (၁) – စီမံအုပ်ချုပ်မှုကောင်းမွန်စေရေးအတွက် မူဝါဒ၊ ဥပဒေများ အားကောင်းစေရေး ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊ မဏ္ဍိုင်(၂) – ထုတ်လုပ်မှုစွမ်းအားတိုးတက်ရေးအတွက် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝနှင့် ဝင်ငွေတိုးတက်ရေးကို ဆောင်ရွက်ခြင်း၊ မဏ္ဍိုင် (၃) – ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးထွက်ကုန်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရန်နှင့် တန်ဖိုးမြှင့်ကုန်ချောများ ပိုမိုထုတ်လုပ်ခြင်းတို့ အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ထားရှိပြီးဖြစ်ပါသည်။

**ရေနေသတ္တဝါမွေးမြူရေးကို ရေရှည်တည်တံ့သော မွေးမြူထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်**

ရေနေသတ္တဝါမွေးမြူရေးကို ရေရှည်တည်တံ့သောမွေးမြူထုတ်လုပ်မှု အရှိန်အဟုန်မြှင့်တင်ခြင်းနှင့် တိုးချဲ့ခြင်းအတွက် အဓိက ထောက်တိုင်တစ်ခုပါရှိသော FAO Blue Transformation လမ်းပြမြေပုံနှင့်အညီ၊ ရေရှည်တည်တံ့သော ငါးမွေးမြူခြင်းဆိုင်ရာ လမ်းညွှန်ချက်များ(Guideline for Sustainable Aquaculture–GSA) ကို ငတ်မွတ်ခေါင်းပါးမှုကင်းစင်သော ကမ္ဘာကြီးအတွက်နှင့် ယင်း၏ တန်ဖိုးကွင်းဆက်ရှိ ပါဝင်သူအားလုံး၏ လူနေမှုအဆင့်အတန်းကို တန်းတူညီမျှတိုးတက်စေရန်အတွက် သိသိသာသာ အထောက်အကူပြုသည့်ရေနေသတ္တဝါမွေးမြူရေးကဏ္ဍတစ်ခုကို မျှော်မှန်းပြီး ရေးဆွဲဖော်ဆောင်ထားပါသည်။

GSA တွင် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုအပြင် မွေးမြူသောတိရစ္ဆာန်ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာကို မြှင့်တင်ရန် ရည်ရွယ်သည့် ရှင်းလင်းသော ရည်မှန်းချက်များ ပါရှိပါသည်။ မတူညီသောရေနေသတ္တဝါမွေးမြူရေးဆိုင်ရာအခြေအနေများ၊ မွေးမြူသည့်နည်းစနစ်များ၊ မွေးမြူထုတ်လုပ်သည့် အရွယ်အစားများ၊ မွေးမြူထုတ်လုပ်သည့်ရေသတ္တဝါ မျိုးစိတ်များ၊ ပတ်ဝန်းကျင်နှင့် လုပ်ဆောင်ချက်များအတွက် အသုံးချပြီး ငါးလုပ်ငန်း၊ စိုက်ပျိုးရေး၊ သစ်တော၊ တောရိုင်းတိရစ္ဆာန်၊ ခရီးသွားလုပ်ငန်း၊ စွမ်းအင်၊ သတ္တု တူးဖော်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော ကဏ္ဍများနှင့် ချိတ်ဆက်နေမှုများကို အသိအမှတ်ပြုကာ ၎င်းတို့ကိုမတူညီသော အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဒေသဆိုင်ရာ အခြေအနေများနှင့် ကိုက်ညီသော ရေနေသတ္တဝါမွေးမြူရေးဆိုင်ရာ အလေ့အကျင့်များ ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရန်၊ ၎င်းတို့ကို ရေနေသတ္တဝါမွေးမြူရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှု အသစ်များနှင့် ပေါ်ပေါက်လာသောပြဿနာများကို ထင်ဟပ်စေရန်အတွက် ရည်ရွယ်ပြီး ဖော်ဆောင်ထားပါသည်။

GSA သည် အုပ်ချုပ်မှုနှင့် စီမံကိန်းရေးဆွဲခြင်းအတွက် ရေရှည်တည်တံ့သော ရေနေသတ္တဝါမွေးမြူရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ တာဝန်ခံမှု၊ တန်းတူညီမျှမှုနှင့် ထိရောက်မှုကဲ့သို့သော မူများကို မြှင့်တင်ပေးပါသည်။ ထိရောက်သောအုပ်ချုပ်မှုသည် လူ့အဖွဲ့အစည်းနှင့် မွေးမြူရေးသမား နှစ်ဦးစလုံးအတွက် ဘေးအန္တရာယ်များကို လျှော့ချပေးပြီး သင့်လျော်သော အရင်းအမြစ်ခွဲဝေချထားမှုကို သေချာစေပြီး ရင်းနှီးမြှုပ်နှံမှုအတွက် လုံခြုံသော ပတ်ဝန်းကျင်ကို မြှင့်တင်ပေးပါသည်။ ကွဲပြားသော ရေသတ္တဝါမွေးမြူရေးစနစ်များနှင့် မျိုးစိတ်များကို အသုံးပြုခြင်းသည် သမားရိုးကျနှင့် ဆန်းသစ်သော စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များမှ အကျိုးကျေးဇူးများ ရရှိပါသည်။ အစာကျွေးရန်မလိုသော မျိုးစိတ် (ဥပမာ–ပင်လယ်ရေမှော်၊ စားကမာ၊ ဂျင်းခရု စသည့်) များကို အသုံးပြုခြင်းနှင့် အစာကျွေးရန် လိုအပ်သော မျိုးစိတ်များ (ငါး၊ ပုစွန်၊ ကဏန်း စသည့်) အစာနှင့်အစာစီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် တာဝန်ယူမှုရှိသော ထုတ်လုပ်မှုသည် အရင်းအမြစ် အသုံးပြုမှုထိရောက်မှုကို တိုးတက်စေပြီး ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုကို လျှော့ချပေးပါသည်။

ရေအရင်းအမြစ်ရရှိသုံးစွဲနိုင်မှု၊ မှန်လုံအိမ်ကဲ့သို့သောစိန်ခေါ်မှုများ ဓာတ်ငွေ့(GHG) ထုတ်လွှတ်မှုနှင့် ညစ်ညမ်းမှုအတွက် ရေပြန်လည်အသုံးပြုခြင်းနည်းစနစ်နှင့် အာဟာရပြန်လည်ရယူခြင်း နည်းစနစ်ကဲ့သို့သော ဖြေရှင်းနည်းများဖြင့် မွေးမြူထုတ်လုပ်ရန် လိုအပ်လာပါသည်။ ရေနေဇီဝ မျိုးစုံမျိုးကွဲများနှင့် မျိုးရိုးဗီဇအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်းသည် ကျန်းမာသော ဂေဟစနစ်များ၊ လူသားများ၏ ကောင်းကျိုးချမ်းသာနှင့် ထိရောက်သော ထုတ်လုပ်မှုစနစ်များအတွက် မရှိမဖြစ်လိုအပ်ပါသည်။

ရေနေသတ္တဝါမွေးမြူရေး ထုတ်ကုန်များကို အာဟာရအလေးထားသော၊ ရေရှည်တည်တံ့သော အစားအစာစနစ်များတွင် ပေါင်းစပ်ထားသင့်ပါသည်။ လူမှုရေးတာဝန်ယူမှု၊ တန်းတူညီမျှမှုနှင့် သင့်တင့်လျောက်ပတ်သော အသက်မွေးဝမ်းကျောင်းမှုများသည် ရေရှည်တည်တံ့သော ကဏ္ဍတစ်ခုအတွက် အရေးကြီးပြီး အမျိုးသမီးများ၊ လူငယ်များ၊ အားနည်းသူများနှင့် ဘေးဖယ်ခံထားရသောအုပ်စုများ၊ ဌာနေတိုင်းရင်းသားများနှင့် လူနည်းစုများ၊ အသေးစားမွေးမြူရေးသမားများနှင့် မသန်စွမ်းသူများ၏ အရေးကြီးသော အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**သဘောတူညီချက်များနှင့် စံနှုန်းများကို လိုက်နာ**

မွေးမြူထုတ်လုပ်ဖမ်းဆီးပြီးနောက် ပြုပြင်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အရည်အသွေး ထိန်းချုပ်မှုအပါအဝင် ယှဉ်ပြိုင်နိုင်သော တန်ဖိုးကွင်းဆက်သည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးကျေးဇူးများကို တန်းတူညီမျှစွာ မျှဝေခြင်းအတွက် မရှိမဖြစ်လိုအပ်ပါသည်။ သဘောတူညီချက်များနှင့်စံနှုန်းများကို လိုက်နာခြင်းဖြင့် လွယ်ကူချောမွေ့စေသော ဈေးကွက်ဝင်ရောက်ခွင့်သည် အရေးကြီးပြီး အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။

ထုတ်လုပ်မှုနှင့် အသိပညာလွှဲပြောင်းမှုအတွက် ဒီဂျစ်တယ်နည်းပညာဖြင့် ပံ့ပိုးပေးသော တိုးချဲ့နည်းပညာပေးမှု၊ လူ့စွမ်းအားမြှင့်တင်ရေးသင်တန်းပေးခြင်းဖြင့် လေ့ကျင့်မှု၊ ရန်ပုံငွေနှင့် နည်းပညာရရှိခွင့်များအတွက် ဒီဂျစ်တယ်နည်းပညာများကို အသုံးချ၍ လေ့လာသိရှိနိုင်မှုကဲ့သို့သော အဓိကဝန်ဆောင်မှုများ၊ ထုတ်လုပ်မှုနှင့် အသိပညာလွှဲပြောင်းမှုအတွက် ကွန်ရက်ချိတ်ဆက်မှုကို မြှင့်တင်ရန် ပံ့ပိုးပေးနိုင်ပါသည်။ GSA ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံများနှင့် အကျိုးတူပါဝင်သူများ နှစ်ဦးစလုံး၏ လုပ်ဆောင်ချက်များ လိုအပ်ပါသည်။

GSA ကို သက်ဆိုင်ရာ အာဏာပိုင်ထံ GSA အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းအတွက် အရည်အချင်းပြည့်မီသော အာဏာပိုင် သို့မဟုတ် လုပ်ငန်းအဖွဲ့တစ်ခုကို သတ်မှတ်ခြင်းဖြင့် အကောင်အထည်ဖော်နိုင်ပါသည်။ အကောင်အထည်ဖော်မှုတွင် နည်းပညာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ မိတ်ဖက်များတည်ဆောက်ခြင်း၊ ငွေကြေးအကူအညီ၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာမျှဝေခြင်းနှင့် အတွေ့အကြုံများ ဖလှယ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဖော်ပြထားပါသည်။

*စာမျက်နှာ ၁၁ သို့*

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဇွန် ၁၀**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့အစည်းအဝေးကို ယမန်နေ့နံနက်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှစ်ဦးသည် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာပြုခဲ့ကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး၏ မေးခွန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်း၊ ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခိုင်ဆုရည်ဇော်၏ "နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်၏ အိန္ဒိယနိုင်ငံခရီးစဉ်အပေါ် ဂုဏ်ယူဝမ်းမြောက်ကြောင်းအဆို" ကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးအဖွဲ့နှင့် လူမှုရေးရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီက "ရန်ကုန်တိုင်းဒေသကြီး ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်ခြင်းဆိုင်ရာဥပဒေကြမ်း" ကို လွှတ်တော်သို့ တင်သွင်းပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ်အတွင်း ကျောင်းအခြေပြု ပဏာမမျက်စိစစ်ဆေးခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

ဇေယျာသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းအခြေပြု ပဏာမမျက်စိစစ်ဆေးခြင်းလုပ်ငန်းများကို ဇွန် ၁ ရက်မှစ၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများ၌ ဆောင်ရွက်နိုင်ရေးအတွက် ဆရာ ဆရာမများအား သင်တန်းပေး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဇေယျာသီရိမြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း ၅၇ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ငါးကျောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်းတို့၌ ကျောင်းသားကျောင်းသူများအား မျက်စိပဏာမစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**



# သရက်ချောင်းမြို့နယ်၌ မျိုးစပါးနှင့် သွင်းအားစုပေးအပ်

**သရက်ချောင်း ဇွန် ၁၀**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ သမဝါယမအသင်းသား တောင်သူများ မိုးစပါးစိုက်ပျိုးရန်အတွက် မျိုးစပါးနှင့် သွင်းအားစုပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က အမှာစကားပြောကြားသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးရေးစီမံကိန်းကို အခြေခံသမဝါယမအသင်းငါးသင်း၊ အသင်းသား တောင်သူ ၉၀၊ စိုက်ဧက ၆၄၇ ဧကဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ **ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**



# နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ရီနှင့် ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို နေ့ချင်းပြီးဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့နံနက်က ဒဟတ္တော့အုပ်စု မြကန်သာ အထကနှင့် ဒဟတ္တော့ အထက(ခွဲ)ကျောင်းများတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူ ၆၀ အား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို နေ့ချင်းပြီး ထုတ်ပေးခဲ့သည်။

**တင်မောင်(မန္တလေး)**



# ပန်းတောင်းမြို့နယ်၌ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်



**ပန်းတောင်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များ ပန်းချီပညာရပ်ဆိုင်ရာ အခြေခံအုတ်မြစ်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ပန်းချီအခြေခံများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀ သင်ယူလျက်ရှိကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

နိုင်ငံများသည် ထိရောက်သော မူဝါဒနှင့် စီမံကိန်းရေးဆွဲခြင်း၊ ဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်များရေးဆွဲပြီး အကောင်အထည်ဖော်သင့်ကြောင်း၊ ၎င်းတွင် နေရာချထားရေးစီမံကိန်း ဖော်ထုတ်မှုများကို အသုံးပြုခြင်းနှင့် အစားအစာစနစ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်အများပြည်သူဆိုင်ရာ မူဝါဒများတွင် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းကို ပေါင်းစပ်ခြင်းပါဝင်သင့်ကြောင်း၊ နိုင်ငံများသည် သဘာဝအရင်းအမြစ်များနှင့် မွေးမြူရေးလုပ်ငန်းများကို ရေရှည်တည်တံ့စွာ စီမံခန့်ခွဲသင့်ပြီး ဂေဟစနစ်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုကြောင့် ထိခိုက်မှုများ လျှော့ချခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိမှုကို ထည့်သွင်းစဉ်းစားသင့်ကာ ရေနေဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ခြင်း၊ မျိုးရိုးဗီဇအရင်းအမြစ်များကို စီမံခန့်ခွဲခြင်း၊ ရေနေသတ္တဝါမျိုးသားပေါက်များနှင့် အစာထောက်ပံ့မှု၏ ရေရှည်တည်တံ့မှုကို မြှင့်တင်ခြင်း၊ ဇီဝလုံခြုံရေးကို အားကောင်းစေခြင်းနှင့် တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေး (သို့) တိရစ္ဆာန်ဘဝသာယာဝပြောရေး (Animal Welfare) ကို တိုးတက်ကောင်းမွန်စေခြင်းတို့ ပါဝင်ပါသည်။

နိုင်ငံများသည် ရေနေသတ္တဝါမွေးမြူရေးတွင် လူမှုရေးတာဝန်ယူမှု၊ သင့်လျော်သောအလုပ်၊ လူငယ်များအတွက် အလုပ်အကိုင်နှင့် အမျိုးသမီးများအား အခွင့်အာဏာပေးအပ်ခြင်း အပါအဝင် ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်သင့်ကြောင်း၊ နိုင်ငံများသည် ရေရှည်တည်တံ့သော ရေနေသတ္တဝါမွေးမြူရေး တန်ဖိုးကွင်းဆက်များ၊ ပွင့်လင်းမြင်သာပြီး ခန့်မှန်းနိုင်သော ဈေးကွက်ဝင်ရောက်ခွင့်နှင့် ကုန်သွယ်မှုတို့ကို တည်ထောင်သင့်ပြီး အစားအစာဆုံးရှုံးမှုနှင့် အစားအစာဖြုန်းတီးမှုကို လျှော့ချရန် လုပ်ဆောင်သင့်ကြောင်း GSA က လမ်းညွှန်ထားပါသည်။

အချုပ်အားဖြင့် GSA မှ အကြံပြုလမ်းညွှန်ထားသည်မှာ နိုင်ငံများအနေဖြင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်မှုနှင့် တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်များကို ဆက်စပ်သူများနှင့်အတူ အားလုံးလွှမ်းခြုံခြင်းနှင့် ပေါင်းစည်းဆောင်ရွက်ခြင်းကို နည်းလမ်းများဖြင့် စီမံအုပ်ချုပ်မှု မူဘောင်များအား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ဆောင်မှုကို ရှေ့နောက်ညီညွတ်စေရန်၊ စောင့်ကြည့်အကဲဖြတ်ခြင်း အစီအမံများထားရှိရန်၊ ထိရောက်သောစီမံချက်များ ချမှတ်ဖော်ဆောင်ရန်၊ ရေရှည်တည်တံ့သော အရင်းအမြစ်များကို အသုံးပြုခြင်း၊ ရေထုဂေဟစနစ်များနှင့် ဇီဝမျိုးကွဲကြွယ်ဝမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မွေးမြူနည်းစနစ်များ တီထွင်ဆန်းသစ်မှုများကို ဦးစားပေးသည့် မူဝါဒများနှင့် မဟာဗျူဟာများ တိုးမြှင့်လုပ်ဆောင်ရန်၊ လူမှုရေးဆိုင်ရာ တာဝန်သိမှုနှင့် တာဝန်ခံမှု၊ ရိုးသားပွင့်လင်းသောအလုပ်ဖြစ်မှု၊ သာတူညီမျှရှိမှု၊ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းနယ်ပယ်များ၌ အမျိုးသမီးများနှင့် လူငယ်လူရွယ်များအား လုပ်ပိုင်ခွင့်များ ပေးမှု၊ မသန်စွမ်းသူများအပါအဝင် ထိခိုက်လွယ်သော အစုအဖွဲ့များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းတို့ကို သိရှိဆောင်ရွက်ရန်နှင့် ယှဉ်ပြိုင်မှု၊ ထိရောက်မှုနှင့် ရေသတ္တဝါမွေးမြူရေးထုတ်လုပ်မှုလုပ်ငန်းစဉ် တန်ဖိုးကွင်းဆက်တစ်လျှောက်အားလုံးပါဝင်စေမှု၊ သင့်တင့်မျှတသော လုပ်ထုံးလုပ်နည်းများကို ဦးစားပေးဆောင်ရွက်မှု၊ ဈေးကွက်ဝင်ရောက်မှုကို ပွင့်လင်းမြင်သာရှိစေမှု၊ ရေသတ္တဝါမွေးမြူရေး ထွက်ကုန်များအတွက် စံနှုန်းများ ကိုက်ညီမျှတစေရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို တိုးတက်အောင် ဆောင်ရွက်ရန် လမ်းညွှန်ထားပါသည်။

အသိအမှတ်ပြုစနစ် (Certification Scheme) အနေဖြင့် ရေရှည်တည်တံ့သော ငါးမွေးမြူရေးကန်များအတွက် "မြန်မာနိုင်ငံရေရှည်တည်တံ့ငါးမွေးမြူရေး အမှတ်တံဆိပ်"သတ်မှတ်၍ အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရေး၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်များဖြင့် လိုက်နာမွေးမြူထုတ်လုပ်သူများအား အားပေးအားမြှောက် ပြုလုပ်ရေး တိုးမြှင့်ဆောင်ရွက်နိုင်ရန် နည်းပညာလွှဲပြောင်းရေးဌာနများကို ဒေသအလိုက် ရေရှည်တည်တံ့သော ငါးမွေးမြူနည်းပညာများ သင်ကြားပေးသည့် စင်တာများ ဖွင့်လှစ်ရန် လိုအပ်ပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

**https://www.fao.org/guidelines-sustainableaquaculture/en**

## နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး စိုက်ပျိုးရေးလုပ်ငန်းများနှင့် တာပေါင်ကာရံခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၁၀**

ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် အနိမ့်ပိုင်းနေရာများအား တာပေါင်ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုရာ ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းအုပ်စု ကွင်းအမှတ်(၁၆၃၂)ရှိ တောင်သူသုံးဦး၏ ဧက ၅၀ တွင် သစ်စိမ်းမြေသြဇာ ပိုက်ဆံလျှော်များ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ညောင်ပင်သာကျေးရွာ ရွှေသီးနှံအဆင့်မြင့်ဆန်စက်တွင် ပြည်ပပို့ကုန် တိုးတက်တင်ပို့နိုင်ရေးအတွက် တိုးချဲ့ပြင်ဆင်နေမှုများကို စစ်ဆေးသည်။

**စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကြည့်ရှု**

ထို့နောက် ပျဉ်းမနားမြို့နယ် သနပ်ပင်ဆပ်ကျေးရွာအုပ်စုအတွင်း ရေကြီး/ရေလျှံမှု ဖြစ်ပွားတတ်သည့် ငလိုက်ချောင်းနှင့်ဆင်သေချောင်းကမ်းဘေး အနိမ့်ပိုင်းနေရာများကို စက်ယန္တရားများဖြင့် တာပေါင်ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် ကြံခိုင်မှုကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## MHFTSA နှင့် EFIG Insurance တို့ နားလည်မှုစာချွန်လွှာ ရေးထိုး




**ရန်ကုန် ဇွန် ၁၀**

လုပ်ငန်းခွင် လုံခြုံစိတ်ချရမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုအဖြစ် မြန်မာနိုင်ငံအဝေးပြေးကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MHFTSA) နှင့် EFIG Insurance နားလည်မှုစာချွန်လွှာ ဇွန် ၉ ရက်က လက်မှတ်ရေးထိုးကြသည်။ ပူးပေါင်းဆောင်ရွက်မှုတွင် အထွေထွေအာမခံ (General Insurance) ကုန်တင်ယာဉ်ကြီးများ လုပ်ငန်းခွင်အတွင်း အလုံးစုံဘေးကင်း စိတ်ချရစေရန်၊ ရေကြောင်းနှင့် ပြည်တွင်းကုန်စည် သယ်ယူပို့ဆောင်ရေးအာမခံ (Marine & Inland Transit Insurance) လမ်းခရီးတစ်လျှောက် ကုန်စည်များ ပျက်စီးဆုံးရှုံးမှုမရှိဘဲ အန္တရာယ်ကင်းစွာ စီးဆင်းနိုင်စေရန်၊ အသက်အာမခံ (Life Insurance)–လုပ်ငန်းခွင်အတွင်းရှိ အဖိုးတန်လှသော အသင်းသားများနှင့် ဝန်ထမ်းများ၏ လူမှုစီးပွားဘဝ မိသားစုများအတွက် ရေရှည်လုံခြုံမှုရှိစေရန်အချက်များ ပါဝင်သည်။

**MT**

## ဒိုက်ဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ထုတ်ပေး

**ဒိုက်ဦး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထက(၁) အောင်ရတနာခန်းမ၌ အိမ်ခြေလေးဆယ်ကျေးရွာကျောင်းမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များကို နေ့ချင်းပြီး ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက ပေါင်းစပ်ကူညီပေးခဲ့သည်။

**စိုးထက်ကျော်(ပြန်/ဆက်)**





## မြစ်သားမြို့နယ် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေး

**မြစ်သား ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မူလတန်းကြိုကျောင်း၌ ရှေးဦးအရွယ်ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မိဘအသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က အဆိုပါကျောင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ပိုင်ထူးက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကလေးငယ်များ ကာယ/ဉာဏ စွမ်းရည်ပြိုင်ပွဲများ၊ ပဒေသာကပွဲများ၊ အခမ်းအနားများတွင် ကလေးများပါဝင်စေခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဆက်ဆံရေးစွမ်းရည်များ မြှင့်တင်ပေးခြင်းနှင့် ကလေးသူငယ်ကျန်းမာဖွံ့ဖြိုးရေး ပြုစုပျိုးထောင်ခြင်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့သည်။ **ဝါဝါမြင့်(မြစ်သား)**

## (၁၀-၆-၂၀၂၄) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၇ – ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၉,၉၄၈,၃၀၁.၄၉ | ၆,၂၆၄,၄၇၄.၅၁ | ၁၇၄,၅၃၆.၀၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဂျုံ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၃၈ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၄ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## အမြဲတမ်း မသန်စွမ်းမှုအကျိုးခံစားခွင့် ထုတ်ပေး

**တောင်ကြီး ဇွန် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော လင်းသီဟကုမ္ပဏီအလုပ်ဌာနမှ အာမခံအလုပ်သမားတစ်ဦး၏ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းကို ယနေ့ နံနက်က အဆိုပါ ကုမ္ပဏီ၌ ကျင်းပရာ လူမှုဖူလုံရေးအဖွဲ့ ရှမ်းပြည်နယ် ဒုတိယပြည်နယ် တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူးက အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်ငွေကျပ် ၈၈၂၀၀၀၀ အား အာမခံအလုပ်သမား ဦးကျော်ဇင်ဖြိုးထံသို့ တာဝန်ရှိသူများ ရှေ့မှောက်၌ ခွင့်ပြုထုတ်ပေးခဲ့သည်။ **သတင်းစဉ်**




## ပခုက္ကူမြို့နယ်၌ အဓိကသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

**ပခုက္ကူ ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်က အဓိကသီးနှံများ အချိန်မီ စိုက်ပျိုးရေးနှင့်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ GAP စနစ် လိုက်နာကျင့်သုံးစေရေးများ၊ မြို့နယ်သမဝါယမဦးစီးမှူး ဦးမြင့်လွင်က သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်တိုးတက်ရေးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူးက စိုက်ပျိုးမြေပိုင်ဆိုင်မှုဆိုင်ရာပုံစံ(၇)ပါ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ အကြောင်းကို ဆွေးနွေးဟောပြောကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၁၃ ရွာမှ တောင်သူများ တက်ရောက်ကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇွန် ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Middle Man” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ခေတ္တရာမြို့သစ်ရပ်ကွက်နေ မျိုးအောင်အား ညနေ ၄ နာရီတွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

နှောင့်နှေး၍ နယ်စပ်ကုန်သွယ်ရေး လျော့ကျလာပြီး ဒေသတွင်း စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းများ ပြတ်လပ်ကာ ကုန်ဈေးနှုန်း ကြီးမြင့်မှုများ ဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့် အဆိုပါ ကလေး-တမူးလမ်းကြောင်းအား ပြန်လည် ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇွန် ၇ ရက်မှစတင်၍ တပ်မတော်စစ်ကြောင်းများသည် ကလေးမြို့ဘက်မှ လည်းကောင်း၊ တမူးမြို့ဘက်မှ လည်းကောင်း စစ်ကြောင်းများခွဲကာ ဟန်ချက်ညီညီ ချီတက်၍ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရာ တမူးမြို့ဘက်မှ နယ်မြေရှင်းလင်း၍ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာအနီး တစ်ဝိုက်သို့လည်းကောင်း၊ ကလေးမြို့ဘက်မှ နယ်မြေရှင်းလင်း၍ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ၅၅ မိုင်ကျေးရွာအနီး တစ်ဝိုက်သို့လည်းကောင်း ရောက်ရှိနေပြီဖြစ်ပြီး ကလေး-တမူး လမ်းကြောင်းအား အလုံးစုံ ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိရာ မကြာမီတွင် ကလေး-တမူး လမ်းကြောင်းအား ပြန်လည် ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

**လမ်းတံတားများပြုပြင်**

တပ်မတော် စစ်ကြောင်းများ အနေဖြင့် ကလေး- တမူး လမ်းကြောင်းအား အမြန်ဆုံး ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ရေးအတွက် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းကြောင်းတစ်လျှောက်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ထောင်ခဲ့သည့် မိုင်းများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ဖျက်ဆီးခဲ့သည့် လမ်းတံတားများအား ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တပ်မတော်စစ်ကြောင်းများက အရှေ့ခုံသာရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများ ပြုလုပ်ကာ စစ်စခန်းအဖြစ်အသုံးပြုထားပုံ။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကလေး- တမူး ဆက်သွယ်ထားသော နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှု နေရာပြမြေပုံ။



တပ်မတော်စစ်ကြောင်းများက ရန်လင်းဖိုင်ရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများအား အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ်အသုံးပြုထားပုံ။



တပ်မတော်စစ်ကြောင်းများက ၅၅ မိုင်ရွာအား ရှင်းလင်းစဉ် အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးထားသည့် ၅၅ မိုင်တံတားအား တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

ရွှေထည်ပစ္စည်းမျိုးစုံ ခြောက်ခုနှင့် ငွေကျပ်သိန်း ၈၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၇၉ သိန်းခန့် ခိုးယူခံရသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ သာကေတမြို့မရဲစခန်းက အမှုဖွင့်လှစ်ပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် ဒုစရိုက်မှုများကို မလိုလားသည့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်နေအိမ်သို့ ဝင်/ထွက် သွားလာလေ့ရှိသူ သာကေတမြို့နယ် ၃/ မာန်ပြေရပ်ကွက် အမှတ် ၁၆ နေ မနွယ်နွယ်ဝင်း(ခ) မစု(၄၅)နှစ်နှင့် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာနေ စိုးမြတ်မင်း(ခ) စိုးကြီးတို့ နှစ်ဦးကို ၂၀၂၆ ခုနှစ် မေ ၂၆ ရက်တွင် ၎င်းတို့၏နေအိမ်များ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူတို့ကို စစ်ဆေးရာ ၎င်းတို့ နှစ်ဦးသည် ဇော်ဇော်အောင်(ခ) ဖိုးဇော် (ဖမ်းဆီးရန်ကျန်)၊ သက်ပိုင်ဦး(ဖမ်းဆီးရန်ကျန်)တို့နှင့်အတူ ၂၀၂၅ ခုနှစ် မတ်လအတွင်းက အခင်းဖြစ်နေအိမ်မှပစ္စည်းများ ခိုးယူရန် တိုင်ပင်ခဲ့ပြီး ၂၀၂၅ ခုနှစ် မေ ၆ ရက် နံနက် ၁၁ နာရီတွင် အဆိုပါနေအိမ်မှ ရွှေထည်ပစ္စည်း ခြောက်မျိုးနှင့် ငွေကျပ်သိန်း ၈၀ တို့အား ခိုးယူခဲ့ပြီး ရွှေထည်ပစ္စည်းများကို ငွေကျပ် ၁၇၉ သိန်းဖြင့် ရောင်းချကာ ခွဲဝေယူဆောင်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်ရရှိရေး ဆောင်ရွက်ခဲ့ရာ အရည်ကျိုပုံပြောင်းထားသည့် ရွှေထည်ပစ္စည်း နှစ်မျိုး၊ တန်ဖိုးငွေကျပ် ၁၉၃သိန်း သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိသူ စိုးမြတ်မင်း(ခ)စိုးကြီးအား အခြားပြစ်မှုများ ကျူးလွန်ခဲ့ခြင်း ရှိ/မရှိ အသေးစိတ် ထပ်မံစစ်ဆေးခဲ့ရာ ၎င်းနှင့် ခင်မင်ရင်းနှီးသူများဖြစ်သည့် တံတားမြို့ အောင်မင်းသူ (၂၁)နှစ်၊ တစ်ရပ်ကွက်တည်းနေ ကျော်ဇင်လတ်(ခ)ကျော်ဇင်(၄၁)နှစ်၊ ဘိုကလေးမြို့နယ်နေ စိုင်းဇော်ဇော်(ခ) ဇော်ဇော်(ခ) အောင်ပု (၃၄)နှစ်တို့ သုံးဦးသည် ကျောက်တန်းမြို့နယ် တံတားမြို့ရှိ ဒေါ်ခင်သန်းဝင်း လိုင်စင်ရအပေါင်ဆိုင်အတွင်း ဝင်ရောက်ခိုးယူမှုများ ကျူးလွန်ကြကြောင်း



တရားခံ နွယ်နွယ်ဝင်း(ခ)မစု၊ စိုးမြတ်မင်း(ခ)စိုးကြီးတို့နှင့် သက်သေခံပစ္စည်း မှတ်တမ်းဓာတ်ပုံ။

ဖော်ထုတ်သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အောင်မင်းသူပါ သုံးဦးကို ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် မေ ၂၇ ရက်တွင် ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများ ဖြစ်သည့် ရွှေထည် ပစ္စည်းမျိုးစုံ ၄၀၊ ခိုးယူရရှိသည့် ရွှေထည်ပစ္စည်းများ ရောင်းချငွေဖြင့် ဝယ်ယူထားသော မော်တော်ယာဉ်နှစ်စီးနှင့် မော်တော်ဆိုင်ကယ် နှစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံး၊ ရွှေထည်ပစ္စည်းများ ပေါင်နှံ/ ရောင်းချထားသည့် ဘောက်ချာစာရွက်မူရင်း ၁၀ စောင်၊ ငွေကျပ်သိန်း ၉၀ စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၀၀၇ သိန်းကို ပြန်လည်သိမ်းဆည်းရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်များမှ ဖမ်းဆီးရမိသူ စိုးမြတ်မင်း(ခ) စိုးကြီး၊ နွယ်နွယ်ဝင်း(ခ)မစု၊ အောင်မင်းသူ၊ စိုင်းဇော်ဇော်(ခ) ဇော်ဇော်(ခ)အောင်ပုနှင့် ကျော်ဇင်လတ်(ခ)ကျော်ဇင်တို့အား တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် ဇော်ဇော်အောင် (ခ) ဖိုးဇော်၊ သက်ပိုင်ဦးတို့နှစ်ဦးကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

အယ်လာသည် ဇွန် ၇ ရက်က ဘာမင်ဂမ်ကလက်ဆစ်တင်းနစ် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက်ချက်ဖ် တင်းနစ်မယ် ဘာတွန်ကိုဗာကို အနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူး ထားနိုင်သော်လည်း ယခုပြိုင်ပွဲတွင် ၁၆ ဦးအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရပြီး နှုတ်ဆက်ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

HSBC Championships ပြိုင်ပွဲကို ကမ္ဘာ့အဆင့် (၂) ကာဇက်စတန် တင်းနစ်မယ် အီလန်နာ ရှိုင်ဘာကီနာ အပါအဝင် ဘော်လ်တာ၊ ဘင်းဆစ်၊ ဆာစတီယန်၊ အမ်ဘိုကိုတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ **အောင်ဇော်**

## ဘိုကလေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ပြုလုပ်ပေး

**ဘိုကလေး ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် အထက(၂)၌ ကျောင်းသားကျောင်းသူ ၃၅၀ အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘိုကလေးမြို့နယ် ဦးစီးမှူးရုံးမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများက One Stop Service ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ပြုလုပ်ပေးသည်။

ထိုသို့ပြုလုပ်ပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ဇီဝဆိုင်ရာ အချက်အလက် (UID) များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**



# နာဆာက လဆင်းသက်ယာဉ်နှစ်စင်း ကမ္ဘာပတ်လမ်းအတွင်း ချိတ်ဆက်စမ်းသပ်မှု ၂၀၂၇ ခုနှစ်တွင် ပြုလုပ်မည်

**ကယ်လီဖိုးနီးယား ဇွန် ၁၀**

လာမည့်နှစ်အတွင်း နာဆာ၏အဓိကအာကာသယာဉ်နှင့် အမေရိကန် ကုမ္ပဏီကြီးနှစ်ခု၏ လဆင်းသက်ယာဉ်များအကြား ကမ္ဘာပတ်လမ်းအတွင်း ချိတ်ဆက်စမ်းသပ်မှုကို လုပ်ဆောင်သွားရန်အစီအစဉ်ရှိကြောင်း အမေရိကန်အာကာသအေဂျင်စီ နာဆာက ကြေညာသည်။

**အမေရိကန်နှင့်အီတလီယာဉ်မှူးများပါဝင်**

အမေရိကန် ဦးဆောင်သည့် Artemis အပြည်ပြည်ဆိုင်ရာ လကမ္ဘာစူးစမ်းရှာဖွေရေး ပရောဂျက်အတွက် ၂၀၂၇ ခုနှစ် မစ်ရှင်ကို ဇွန် ၉ ရက်တွင် နာဆာက ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ စမ်းသပ်ပျံသန်းမှုတွင် အမေရိကန် အာကာသယာဉ်မှူး သုံးဦးနှင့် အီတလီအာကာသယာဉ်မှူး တစ်ဦး ပါဝင်မည်ဖြစ်သည်။ နာဆာ၏ အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းအတွင်း Blue Origin က တည်ဆောက်သည့် လဆင်းသက်ယာဉ်နှင့် ပထမဆုံးချိတ်ဆက်မည်ဖြစ်ပြီး SpaceX က တည်ဆောက်သည့် နောက်ထပ် လဆင်းသက်ယာဉ်တစ်စင်းနှင့် ဆက်လက်ချိတ်ဆက်စမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်သည်။

**အရေးပါသော အဆင့်တစ်ခုဖြစ်**

အာကာသယာဉ်မှူးများသည် နည်းစနစ်ဆိုင်ရာ စမ်းသပ်မှုနှင့် စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါ စမ်းသပ်မှုသည် ၂၀၂၈ ခုနှစ်တွင် လပေါ်သို့ လူဆင်းသက်မည့် မစ်ရှင်အတွက် အရေးပါသော အဆင့်တစ်ခုလည်းဖြစ်သည်။ လက်တွေ့ လဆင်းမစ်ရှင်တွင် အာကာသယာဉ်မှူးများသည် လအနီးရှိ လဆင်းသက်ယာဉ်အတွင်းသို့ ဝင်ရောက်၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။

မေလအတွင်းက ဖလော်ရီဒါ၌ ပြုလုပ်ခဲ့သည့် စမ်းသပ်မှုတစ်ခုတွင် Blue Origin ၏ ဒုံးပျံသစ်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက်ယခုကြေညာချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။ သို့သော်လာမည့်နှစ်စမ်းသပ်ပျံသန်းမှုအတွက် ဒုံးပျံစနစ်များကို အဆင်သင့်ဖြစ်အောင် လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း နာဆာမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**



# မက္ကဆီကို-အမေရိကန် လုံခြုံရေးနှင့် ရွှေ့ပြောင်းအခြေချရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

**မက္ကဆီကိုစီးတီး ဇွန် ၁၀**

မက္ကဆီကိုနိုင်ငံသည် နယ်စပ်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများအရေးအပါအဝင် အရေးပါသော ကိစ္စရပ်များနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေရန် ယခုသီတင်းပတ်အတွင်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ရော်ဘတ်တို ဗီလပ်စကိုက ဇွန် ၉ ရက်တွင် ပြောကြားသည်။



**ဇွန် ၁၂ ရက်တွင် ဆွေးနွေးမည်**

မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့မှ လုံခြုံရေးဆိုင်ရာ လုပ်ငန်းအဖွဲ့များသည် နယ်စပ်လုံခြုံရေး၊ ဖင်တနိုင်း (Fentanyl) မူးယစ်ဆေးဝါးမှောင်ခိုကူးမှုတိုက်ဖျက်ရေးနှင့် တရားမဝင်ငွေကြေးစီးဆင်းမှု တိုက်ဖျက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်ရန် မက္ကဆီကိုစီးတီးတွင် လာမည့် ဇွန် ၁၂ ရက်၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ဗီလပ်စကိုက ပြောသည်။

**မာကိုရူဘီယိုနှင့် ဆက်သွယ်ဆွေးနွေးခဲ့**

ထို့အပြင် အမေရိကန်ပြည်ထောင်စု-ကနေဒါ-မက္ကဆီကို သဘောတူညီချက်နှင့်ပတ်သက်သော ညှိနှိုင်းဆွေးနွေးမှုများအပါအဝင် နှစ်နိုင်ငံဆက်ဆံရေး၏ အရေးပါသော ကိစ္စရပ်များကို လူကိုယ်တိုင် တွေ့ဆုံဆွေးနွေးနိုင်ရန် ဇွန် ၈ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ကြောင်းလည်း ဗီလပ်စကိုက ပြောကြားသည်။

မကြာသေးမီလများအတွင်း မက္ကဆီကိုနှင့် အမေရိကန်ပြည်ထောင်စုတို့သည် နယ်စပ်လုံခြုံရေး၊ ရွှေ့ပြောင်းအခြေချနေထိုင်သူများ အရေးနှင့် ဖင်တနိုင်းမှောင်ခိုကူးမှုတိုက်ဖျက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးမှုများ ဆက်တိုက်ပြုလုပ်ထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ဘာလင်လေကြောင်းပြပွဲတွင် ဒရုန်းနည်းပညာများ အဓိကပြသ

**ဘာလင် ဇွန် ၁၀**

အပြည်ပြည်ဆိုင်ရာ လေကြောင်းနှင့် အာကာသပြပွဲ (ILA Berlin) ကို ဇွန် ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဒရုန်းနည်းပညာများနှင့် ဥရောပကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများကို အဓိကထား ပြသခဲ့သည်။ အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ပြသသူ ၇၅၀ ကျော် ပါဝင်ပြီး လေကြောင်း၊ အာကာသနှင့် ကာကွယ်ရေးကဏ္ဍများတွင် အနာဂတ်နည်းပညာများနှင့် ဆန်းသစ်တီထွင်မှုများကို ပြသထားကြောင်း ပွဲစီစဉ်သူများက ပြောသည်။

ဒရုန်းနည်းပညာများသည် ယခုနှစ်ပြပွဲ၏ အဓိကဆွေးနွေးရမည့် အကြောင်းအရာဖြစ်ပြီး သီးသန့် ဒရုန်းပြခန်းများကိုလည်း စီစဉ်ထားသည်။ ယူရိုဘီလီယံနှင့်ချီတန်ကြေးရှိသည့် ပြင်သစ်-ဂျာမနီ ပူးတွဲတိုက်လေယာဉ် စီမံကိန်းတွင် ဖြစ်ပေါ်နေသည့် အခက်အခဲများကြောင့် ဥရောပကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု အနာဂတ်အပေါ်တွင်လည်း ဆွေးနွေးမှုများရှိနိုင်ကြောင်း ဂျာမနီသတင်းအေဂျင်စီများတွင် ဖော်ပြထားသည်။

နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် ILA Berlin ပြပွဲသည် ဥရောပ၏ အဓိက လေကြောင်းနှင့် အာကာသကုန်သွယ်ပြပွဲတစ်ခုဖြစ်ပြီး ဇွန် ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **ဆင်ဟွာ**

# လာမည့်ရွေးကောက်ပွဲတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ပါဝင်ယှဉ်ပြိုင်မည်

**ဂျေရုဆလင် ဇွန် ၁၀**

အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင် နေတန်ယာဟုသည် လာမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၎င်း၏ လက်ယာယိမ်း လီကွတ်ပါတီက ဇွန် ၁၀ ရက်တွင် ပြောကြားလိုက်သည်။

လီကွတ်ပါတီက နေတန်ယာဟုသည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း အကျဉ်းချုပ် ထုတ်ပြန်ချက်တစ်စောင်ကို အသေးစိတ်ဖော်ပြခြင်းမရှိဘဲ ထုတ်ပြန်ခဲ့သည်။

နေတန်ယာဟုသည် နောက်တစ်ကြိမ် ရွေးကောက်ပွဲဝင်မည် ဆိုသည့်အပေါ် ရှင်းလင်းစွာ မသိရသေးကြောင်းအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ABC သတင်းဌာနသို့ ပြောကြားပြီးနောက် ယင်းထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။



အစ္စရေးတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ တရားဝင်ကြေညာထားခြင်း မရှိသေးသော်လည်း ဥပဒေအရလာမည့်အောက်တိုဘာလမတိုင်မီ ရွေးကောက်ပွဲကျင်းပရန် လိုအပ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ပါကစ္စတန်စစ်ဘက်သုံးရဟတ်ယာဉ် ပျက်ကျ ရဟတ်ယာဉ်ပေါ် လိုက်ပါသူအားလုံး သေဆုံး

**အစ္စလာမာဘတ် ဇွန် ၁၀**

ပါကစ္စတန်စစ်ဘက်သုံး Mi-17 ရဟတ်ယာဉ်တစ်စင်းသည် ပျံတက်စဉ်အတွင်း ပါကစ္စတန်ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ မူဇာဖာရာဘတ်အနီးတွင် ပျက်ကျခဲ့ပြီး ရဟတ်ယာဉ်ပေါ် လိုက်ပါသူအားလုံး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါရဟတ်ယာဉ်သည် နည်းပညာချွတ်ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူမရှိကြောင်း စစ်ဘက်ပြည်သူ့ဆက်ဆံရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထုတ်ပြန်ချက်တွင် ရဟတ်ယာဉ်ပျက်ကျပြီးနောက် မကြာမီ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိခဲ့ပြီး ပျက်ကျရသည့် အကြောင်းရင်းကို တိကျစွာဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းထားကြောင်းလည်း ဖော်ပြထားသည်။

ပါကစ္စတန်စစ်ဘက်က ရဟတ်ယာဉ်ပေါ်တွင် ပါဝင်သူအရေအတွက်နှင့် ကိုယ်ရေးအချက်အလက်အသေးစိတ်ကို ထုတ်ပြန်ခြင်း မရှိသေးပေ။ **ဆင်ဟွာ**



# မွန်ဂိုလီးယား အနောက်ပိုင်းပြည်နယ်များ၌ ခွာနာလျှာနာရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်တက်

**အူလန်ဘာတာ ဇွန် ၁၀**

မွန်ဂိုလီးယားနိုင်ငံ အနောက်ပိုင်းပြည်နယ်များ၌ ခွာနာလျှာနာရောဂါ ကူးစက်ဖြစ်ပွားပြီးနောက် မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၂၃၀ ခန့်ကို ရှင်းလင်းခဲ့ရကြောင်း တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ ဒေသတွင်းမီဒီယာများက ယမန်နေ့က ဖော်ပြခဲ့သည်။

ခွာနာလျှာနာရောဂါသည် ကူးစက်မြန်သော ဗိုင်းရပ်စ်ရောဂါဖြစ်ပြီး ခွာပါသော တိရစ္ဆာန်များဖြစ်သည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် ဝက်များတွင် အများဆုံး ဖြစ်ပွားလေ့ရှိသည်။ ရောဂါကူးစက်မှုကို မေလနှောင်းပိုင်းတွင် ပထမဆုံးအတည်ပြုနိုင်ခဲ့ပြီး ယခုဖြစ်ပွားမှုသည် SAT-1 မျိုးကွဲကူးစက်ရောဂါဖြစ်ကြောင်း သိရသည်။

SAT-1 မျိုးကွဲကို ရောဂါပြင်းထန်စွာ ဖြစ်ပွားစေနိုင်သည့် မျိုးကွဲအဖြစ် သတ်မှတ်ထားပြီး လေမှတစ်ဆင့် ကူးစက်ခြင်း၊ ညစ်ညမ်းနေသော ယာဉ်နှင့် စက်ကိရိယာများမှတစ်ဆင့် ကူးစက်ခြင်း၊ လူနှင့် တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် ကူးစက်ခြင်းတို့ကြောင့် လျင်မြန်စွာ ပျံ့နှံ့နိုင်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

## မြစ်သားမြို့နယ်၌ သမအသင်းသားတောင်သူများထံသို့ သွင်းအားစုပေးအပ်

**မြစ်သား ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် သမဝါယမဦးစီးဌာနက (သက်တန့်ရောင်စီမံကိန်း)စပါးနှင့် ဝါသီးနှံစိုက် သမဝါယမအသင်းသားတောင်သူများထံသို့ သွင်းအားစုပေးအပ်ပွဲကိုယမန်နေ့က ထားဝယ်အင်းကျေးရွာနှင့် မြိုင်ကုန်းကျေးရွာတို့၌ ကျင်းပသည်။



သွင်းအားစုပေးအပ်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်ဦးစီးမှူးတို့က ထားဝယ်အင်းကျေးရွာမှ သမဝါယမအသင်းသားတောင်သူ ၈၇ ဦး၏ စိုက်ဧက ၁၉၀ အတွက် ငွေကျပ် ၄၄ ဒသမ ၈၄၀ သန်းနှင့် ညီမျှသော သွင်းအားစုများကိုလည်းကောင်း၊ မြိုင်ကုန်းကျေးရွာမှ သမဝါယမအသင်းသား တောင်သူ ၁၁၂ ဦး၏ စိုက်ဧက ၁၈၀ အတွက် ငွေကျပ် ၄၇ ဒသမ ၆၈၀ သန်းနှင့်ညီမျှသော သွင်းအားစုများကိုလည်းကောင်း လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။ **ဝါဝါမြင့်(မြစ်သား)**

## မင်္ဂလာဒုံမြို့နယ်၌ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**မင်္ဂလာဒုံ ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် Honeys Garment(2)အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဒေါ်သီသီထွန်း၏ လုပ်ငန်းခွင်ထိခိုက် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ထုတ်ပေးခြင်း အခမ်းအနားကို ဇွန် ၉ ရက်က တိုင်းဒေသကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက လုပ်ငန်းခွင်ထိခိုက်သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ကို အာမခံအလုပ်သမား ဒေါ်သီသီထွန်း၏ အစ်မဖြစ်သူထံ အကျိုးခံစားခွင့် ငွေကျပ် ၇၂၈၅၅၀၀ ကို အလုပ်ဌာန တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ ညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့သည်။



**မြို့နယ်(ပြန်/ဆက်)**

## ဘီးလင်းမြို့ အထက(ကန်သာယာ) ကျောင်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး



**ဘီးလင်း ဇွန် ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် အထက(ကန်သာယာ)ကျောင်း မဟော်သဓာခန်းမ၌ ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘီးလင်းမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လမင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူ ကျောင်းသား ကျောင်းသူ ၁၃၀ အား ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးမှုတွင် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝဿာန်ဦးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာပေး

**စစ်ကိုင်း ဇွန် ၁၀**

စစ်ကိုင်းမြို့နယ် ဥပဒေရုံးကြီးမှူး၏ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ဥပဒေအသိပညာပေးဟောပြောပွဲကို ဇွန် ၈ ရက်က ပတ္တမြားရပ်ကွက် စစ်ကိုင်းစက်မှုဇုန်၌ ကျင်းပရာ စစ်ကိုင်းမြို့နယ် ဥပဒေအရာရှိ ဦးဇေယျာသိန်းထိုက်က ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေ၊ ကလေးအလုပ်သမား ဖြစ်ပေါ်စေသည့်အကြောင်းတရားများ၊ ကလေးအလုပ်သမား ပပျောက်ရေးစသည့် အကြောင်းအရာများကို ဟောပြောခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဥပဒေအရာရှိက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မိုင်းဆတ်မြို့ လူထုအခြေပြုဗဟိုဌာန၌ ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ



**မိုင်းဆတ် ဇွန် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့ လူထုအခြေပြုဗဟိုဌာန၌ ယနေ့မွန်းလွဲပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲနှင့် ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း (မိုင်းဆတ်) မှ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့သည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇွန် ၁၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ဇော်ထူး ဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံစက်သုံးဆီအရောင်းဆိုင်များအား မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စီစဉ်ဆောင်ရွက်ထားရှိမှု ရှိ/မရှိ စစ်ဆေးစဉ်။ မောင်လွင်(စလင်း)

## ငွေနှင်းမှိုနှင့် ကောက်ရိုးမှို စိုက်ပျိုးနည်းပညာပေး

**အထက်မင်းလှ ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခုနှစ် မှိုစိုက်ပျိုးနည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးတို့က မှိုစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ တက်ရောက်လာသော ကျေးရွာအုပ်စုများမှ တောင်သူများအား ရှင်းလင်းပြောကြားပြီး မှိုမျိုးထုပ်များ ပေးအပ်ကာ ကောက်ရိုးမှိုစိုက်ပျိုးနည်း လက်တွေ့ပြသခဲ့ကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**



## လပွတ္တာမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

**လပွတ္တာ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး (၃)မိုင်မြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(လပွတ္တာ)တွင် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းကကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၂၅၀ တို့က ကျွန်း၊ ပျဉ်းကတိုး၊ ခရေ၊ ကံ့ကော်၊ ရေတမာ၊ မန်ကျည်းရှား စုစုပေါင်း အပင် ၅၅၀ စိုက်ပျိုးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်။ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# ဝင်ငွေတိုး၍ MSME မြှင့်တင်ဖို့ မှိုကို စိုက်ပျိုးကြပါစို့

ဝေနှင်း

**မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍက လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် အားထားလုပ်ကိုင်နေကြသည့် ကဏ္ဍတစ်ခု ဖြစ်ပါသည်။ နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတွင် စိုက်ပျိုးရေးကဏ္ဍကြီးမှ ၃၀ ရာခိုင်နှုန်းနီးပါး ပါဝင်နေကြောင်း သိရှိရပါသည်။**

စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်ကြမ်းထုတ်လုပ်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် အဓိကအသက်သွေးကြောလည်းဖြစ်နေပြီး နိုင်ငံ၏ အဓိက စီးပွားရေး မောင်းနှင်အားတစ်ခုလည်း ဖြစ်ပါသည်။ ယခုအခါ စပါး၊ ပြောင်း၊ ဂျုံ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံတို့အပြင် မှိုကို နိုင်ငံတော်ကလည်း တွန်းအားပေး၊ ပြည်သူများလည်း အဓိကအားထားစိုက်ပျိုးလာလျက်ရှိသည်ကို တွေ့ရှိရပါသည်။



**စိုက်ပျိုးရေးတွင် အကျိုးရှိသော မှို**

နိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ခန့်မှစ၍ မှိုကို စတင်စိုက်ပျိုးခဲ့ကြပါသည်။ မှိုစိုက်ပျိုးခြင်းသည် အချိန်တိုအတွင်း ဝင်ငွေရရှိနိုင်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ဖြင့် လုပ်ငန်းလည်ပတ်နိုင်ခြင်း၊ ကုန်ကြမ်းရရှိနိုင်မှု လွယ်ကူခြင်း၊ စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်လာခြင်းနှင့် မြေနေရာကျဉ်းကျဉ်းတွင် စိုက်ပျိုးနိုင်ပြီး အမှီအခိုကင်းသော တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်း အမျိုးအစားတွင် ပါဝင်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးကိုအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာ အလွန်ကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။

မှိုစိုက်ပျိုးခြင်းသည် ကျေးလက်နှင့် မြို့ပြစီးပွားရေးအပေါ် သိသာထင်ရှားသော အပြုသဘောဆောင်သည့် သက်ရောက်မှုများကို ရရှိစေပါသည်။ တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ် စိုက်ပျိုးလာနိုင်ခြင်းကြောင့် အိမ်ရှင်မများ အပိုဝင်ငွေရရှိစေနိုင်ပါသည်။ ကျေးလက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေကို တိုးပွားစေပါသည်။ စိုက်ပျိုးရာတွင်လည်း လယ်ယာထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ စပါးခွံ၊ ဝါဂွမ်းစေ့ခွံ၊ ပြောင်းဖူးဖတ်၊ ဖွဲနု၊ နွားချေး၊ ကြက်ချေး၊ သီးနှံအကြွင်းအကျန်နှင့် လွှစာမှုန့်တို့ကို အသုံးပြုနိုင်သဖြင့် ကုန်ကြမ်းစရိတ်သက်သာပါသည်။ စိုက်ပျိုးပြီးသား မှိုပွစာဟောင်းများကို သဘာဝမြေဩဇာအဖြစ် ပြန်လည်အသုံးပြုနိုင်ခြင်းကြောင့် စိုက်ပျိုးရေးကုန်ကျစရိတ်ကိုလည်း လျှော့ချနိုင်ပါသည်။

ထို့ကြောင့်ရေရှည်အကျိုးရှိသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ သဘာဝဘေး ရာသီဥတုဖောက်ပြန်မှုများနှင့် ကြုံတွေ့နေချိန် တောင်သူများအနေဖြင့် တွဲဖက်၍ စိုက်ပျိုးသင့်ဆုံး သီးနှံတစ်ခုလည်း ဖြစ်နေပါသည်။ စနစ်တကျနည်းလမ်းကျကျ စီမံဆောင်ရွက်နိုင်လျှင် မြေနေရာမရွေး၊ ရာသီဥတုမရွေးစိုက်ပျိုးနိုင်သည့်အတွက် အချိန်တိုအတွင်း အပိုဝင်ငွေရရှိစေသည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

**မှိုစိုက်ပျိုးမှုနှင့် စိုက်ပျိုးနည်း**

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မှိုစိုက်ပျိုးရေးကို အများဆုံး လုပ်ကိုင်ကြပါသည်။ မှိုသည် လူမျိုးဘာသာမရွေး စားသုံးနိုင်သော သီးနှံတစ်ခုဖြစ်ပြီး အခြားဟင်းသီးဟင်းရွက်များ၊ သီးနှံပင်များစိုက်ပျိုးသကဲ့သို့ အချိန်တိုအတွင်း ဝင်ငွေရရှိစေနိုင်ပါသည်။

စားသုံးမှိုအမျိုးအစားများမှာ သဘာဝမှိုများ၊ ကောက်ရိုး မှိုများရှိသကဲ့သို့ စိုက်ပျိုး၍ရသော ကောက်ရိုးမှို၊ ငွေနှင်းမှို၊ ကြွက်နားရွက်မှို၊ ငွေမိုးမှိုဟူ၍ အမျိုးအစားများရှိပါသည်။ ကောက်ရိုးမှိုသည် စိုက်ပျိုးပြီး (၁၀-၁၅)ရက်အတွင်း ဝင်ငွေရရှိနိုင်ပြီး ရင်းနှီးငွေအမြန် ပေါ်စေပါသည်။ ငွေနှင်းမှိုနှင့် အခြားမှိုများသည် စိုက်ပျိုးပြီး (၃၀-၃၅)ရက်အတွင်း ဝင်ငွေရရှိစေနိုင်ပါသည်။ သဘာဝမှိုအများစုတွင် စားသုံးသူများအတွက် အဆိပ်အတောက်ဖြစ်စေနိုင်သော မှိုအမျိုးအစားများစွာရှိသော်လည်း စိုက်ပျိုးရေးမှိုအားလုံးမှာ အန္တရာယ်ကင်းစွာ စားသုံးနိုင်ပါသည်။

မှိုစိုက်ပျိုးရာတွင် မှိုစိုက်တဲအတွင်း သင့်လျော်သော စိုထိုင်းဆ ၈၀ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းရှိရပါမည်။ အပူချိန်သည် ၂၀ စင်တီဂရိတ်မှ ၃၀ စင်တီဂရိတ်ဖြစ်ရပါမည်။ ၃၀ စင်တီဂရိတ်ထက်ကျော်ပါက မကြာခဏ ရေမွှားဖျန်းပေးရန် လိုအပ်ပါသည်။ လေဝင်၊ လေထွက် ဖန်တီးပေးရပါမည်။ မှိုစိုက်တဲတွင် ဝါးဖြင့် စင်များထိုးပေးရပါမည်။ စင်တွင် အဆင့် သုံးဆင့်ပါရှိ၍ တစ်ဆင့်နှင့်တစ်ဆင့် ၁ ဒသမ ၅ ပေ အကွာထားရပါမည်။ အောက်ဆုံးအဆင့်သည် မြေပြင်မှ ခြောက်လက်မအကွာတွင် ရှိရပါမည်။ အခင်းများကို ဝါးခြမ်းများ ခင်းပေးရပါမည်။ စင်များအစား ပုံးအခွံများကိုလည်း အသုံးပြုနိုင်သည့်အပြင် ချိတ်ဖြင့်ချိတ်၍လည်း စိုက်ပျိုးနိုင်ပါသည်။ တစ်နေ့လျှင် ရေနှစ်ကြိမ် ဖျန်းရပါမည်။ အများအားဖြင့် ဓာတုဆေးများ၊ မြေဩဇာများကို အသုံးပြုရန် မလိုအပ်ပါ။ အပင်ငယ်ရွယ်စဉ် အာဟာရဖျော်ရည်အဖြစ် သကြားရည်လောင်းပေးနိုင်ပါသည်။ အပင်များ အရွယ်ရောက်လာပါက သန့်ရှင်းသော ရေသာဖျန်းပေးရပါမည်။ ရေကိုရွှဲအောင် လောင်းရန် မလိုအပ်ပါ။ ဖျန်းရုံသာဖျန်းပေးရပါမည်။

> “ မှိုစိုက်ပျိုးခြင်းသည် မိမိတို့ နိုင်ငံ၏ MSME လုပ်ငန်းများကို အားကောင်းလာစေခြင်း၊ တောင်သူများအနေဖြင့် အရင်းအနှီးအနည်းငယ်ဖြင့် အပိုဝင်ငွေရရှိစေခြင်းနှင့် ကျေးလက်ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကာ နိုင်ငံတော်၏စီးပွားရေးကို တစ်ထောင့်တစ်နေရာမှ မြှင့်တင်ပေးနိုင်မည့် သီးနှံတစ်ခုဖြစ် ”

**အစိုးရ၏ဆောင်ရွက်ချက်**

မှိုစိုက်ပျိုးခြင်းလုပ်ငန်းကို MSME လုပ်ငန်းများ မြှင့်တင်ရန်နှင့် ကျေးလက်ဒေသဝင်ငွေ တိုးပွားစေရေးအတွက် ရည်ရွယ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက မှိုမျိုးစေ့များ အရည်အသွေးမီစေရန်နှင့် ဒေသတွင်း မှိုစိုက်ပျိုးမှု တိုးတက်စေရန်အတွက် စံချိန်မီ မှိုမျိုးထုတ်လုပ်ရေးအလုပ်ရုံများကို တည်ဆောက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မှိုမျိုးစေ့ရွေးချယ်မှု၊ စိုက်ပျိုးနည်းစနစ်များနှင့် ရောဂါကာကွယ်နည်းများကို တောင်သူများအား ပညာပေးသင်တန်းများ ပို့ချပေးလျက်ရှိပါသည်။ မှိုစိုက်ပျိုးရာတွင် အသုံးပြုသော မြေဆီလွှာနှင့် သဘာဝမြေဩဇာဆိုင်ရာ အသိပညာပေးခြင်းများ ပါဝင်ပါသည်။ MSME လုပ်ငန်းများအတွက် မှိုစိုက်ပျိုးမှုကို တစ်ပိုင်တစ်နိုင်မှသည် စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်အတွက် နည်းပညာမြှင့်တင်ခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် စီးပွားရေးဆိုင်ရာ ချိတ်ဆက်မှုများ (SMEs Portal)မှတစ်ဆင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

စားသုံးသူရေးရာဦးစီးဌာနက မှိုထုတ်ကုန်များ ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် ဈေးကွက်ရရှိစေရန်အတွက် အရည်အသွေးထိန်းချုပ်ခြင်းနှင့် ဈေးကွက်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

မှိုစိုက်ပျိုးထုတ်လုပ်သူများ၊ အရည်အသွေးမြင့်မှိုနှင့် မှိုထုတ်ကုန်များ ပြည်တွင်း/ပြည်ပသို့ တင်ပို့ရောင်းချသူများ စုပေါင်းဖွဲ့စည်းထားသည့် စားသုံးမှို စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအဖွဲ့ (Mushroom Producer and Exporter Association)ကိုလည်း ဖွဲ့စည်းထားပါသည်။ ကရင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရန်ကုန်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အခြေစိုက်ရုံးများ၊ မှိုစိုက်ပျိုးသူများဖွဲ့စည်းကာ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စနစ်တကျစိုက်ပျိုးနိုင်ရန် မှိုစိုက်တောင်သူများအတွက် ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့်များ (GAP) သင်တန်းပေးခြင်းနှင့် မှိုစိုက်ပျိုးနည်းပညာများ မျှဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ မှိုစိုက်ပျိုးထုတ်လုပ်သူများအား ဈေးကွက်ရရှိစေရန်နှင့် မှိုထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရန် ချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်က မှိုစိုက်ပျိုးခြင်းကို ကျေးလက်စီးပွားရေးမြှင့်တင်ရန်နှင့် စားသုံးသူများအတွက် ဘေးကင်းသော အစားအစာရရှိစေရန်အတွက် မျိုး၊ နည်းပညာနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို အဓိက ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

**မှိုကို တာရှည်ခံအောင်ပြုလုပ်ခြင်း**

မှိုကိုတာရှည်ခံအောင်ပြုလုပ်ရာတွင် အဓိကအားဖြင့် ရေဓာတ်ကို လျှော့ချခြင်း သို့မဟုတ် မှို၏ ပုပ်သိုးစေသော အဏုဇီဝပိုးများကို တားဆီးခြင်းများ ပါဝင်ပါသည်။ လက်ရှိတွင် မိမိတို့နိုင်ငံ၌ သမားရိုးကျနည်းလမ်းဖြင့်သာ တာရှည်ခံအောင် ဆောင်ရွက်နေရဆဲဖြစ်ပါသည်-

(က) မှိုများကို ရေစင်အောင်ဆေး၍ အနေတော်ပြုလုပ်ကာ နေပူပြင်းပြင်းတွင် လုံးဝခြောက်သွေ့သည့်အထိ လှန်းရပါမည်။ အခြောက်ခံထားသောမှိုကို လေလုံသော ဖန်ပုလင်း သို့မဟုတ် အိတ်ထဲတွင်ထည့်၍ အေးမြခြောက်သွေ့သောနေရာ၌သိမ်းဆည်းထားပါက တစ်နှစ်မှ နှစ်နှစ်အထိ အထားခံပါသည်။

( ခ ) မှိုကို ရေနွေးဆူဆူတွင် နှစ်မိနစ်ခန့် ဖြော့ပြီးနောက် ရေစစ်ကာ အထုပ်ငယ်လေးများ ပြုလုပ်၍ ရေခဲသေတ္တာ၏ အအေးခန်းထဲတွင် သိမ်းဆည်းထားနိုင်ပါသည်။

( ဂ ) မှိုကို ဆား၊ အချိုမှုန့်တို့နှင့် သမ၍ ရေဓာတ်ခန်းခြောက်ပြီး နီညိုရောင်သန်းလာသည်အထိ ဆီနှင့်ကြော်ကာ လေလုံသော ဖန်ပုလင်းတွင်ထည့်ပြီး ဆီမြုပ်အောင် သိမ်းဆည်းထားပါက လအနည်းငယ်ကြာရှည်စွာ အထားခံပါသည်။

**စိန်ခေါ်မှုများ**

မိမိတို့နိုင်ငံတွင် အထိုက်အလျောက် စိုက်ပျိုးထုတ်လုပ်နေကြသော်လည်း ပြည်တွင်းဈေးကွက်အတွက်သာ ထုတ်လုပ်နိုင်သည်ကို တွေ့ရှိရပါသည်။ အကြောင်းမှာ ဖော်ပြပါစိန်ခေါ်မှုများကြောင့် ဖြစ်ပါသည်-

(က) မှိုဈေးကွက် ကျယ်ပြန့်ရန် လိုအပ်နေခြင်း၊

( ခ ) တာရှည်ခံမည့် နည်းပညာ လိုအပ်နေခြင်း၊

( ဂ ) ရေရှည်တွင် မှိုကို သေချာစွာထုပ်ပိုးပြီး နိုင်ငံခြားတင်ပို့ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိနေပါသည်။

**MSME တွင် တန်ဖိုးမြှင့်ထုတ်ကုန်တစ်မျိုးအဖြစ် ပါဝင်လာသည့်မှို**

ယနေ့ခေတ်တွင် မှိုမှတစ်ဆင့် စားသောက်ကုန်များ၊ အလှကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်လုပ်လျက်ရှိရာ မိမိတို့နိုင်ငံ၏ လက်ရှိတွန်းအားပေးနေသော MSME လုပ်ငန်းများတွင် မှိုသီးနှံထုတ်ကုန်တစ်မျိုးသည် နေရာတစ်ခုရရှိလာပြီဖြစ်ရာ မှိုစိုက်ပျိုးခြင်းဖြင့် အာဟာရပြည့်ဝသော အစားအစာတစ်မျိုး ထုတ်လုပ်လာနိုင်ရုံမျှမက တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ကာ MSME လုပ်ငန်းများတိုးတက်ရေးဆီသို့ပါ အထောက်အကူပြုနိုင်သည့် စိုက်ပျိုးရေးသီးနှံတစ်မျိုး ဖြစ်လာပါသည်။

ခြုံငုံပြောရလျှင် မှိုစိုက်ပျိုးခြင်းသည် မိမိတို့နိုင်ငံ၏ MSME လုပ်ငန်းများကို အားကောင်းလာစေခြင်း၊ တောင်သူများအနေဖြင့် အရင်းအနှီးအနည်းငယ်ဖြင့် အပိုဝင်ငွေရရှိစေခြင်းနှင့် ကျေးလက်ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ကာ နိုင်ငံတော်၏စီးပွားရေးကို တစ်ထောင့်တစ်နေရာမှ မြှင့်တင်ပေးနိုင်မည့် သီးနှံတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဘီးလင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ဘီးလင်း ဇွန် ၁၀**

ဘီးလင်းမြို့နယ်၌ မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇွန် ၈ ရက်က ဆရာစံရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝသသာန်ဦး



ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေး ဝန်ထမ်းများက ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို ရပ်ကွက်အတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးပြီး ပူးပေါင်းအဖွဲ့များနှင့်အတူ နေအိမ်များရှိရေကန်များကို အဘိတ်ဆေးခတ်ခြင်း၊ ပိုးလောက်လမ်းမပေါက်ပွားစေရေး စစ်ဆေးခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ထားဝယ်မြို့၌ စာရင်းစစ်လုပ်ငန်းများ မှန်ကန်စေရေး ဆွေးနွေး

**ထားဝယ် ဇွန် ၁၀**

စာရင်းစစ်လုပ်ငန်းများ မှန်ကန်စေရေးဆွေးနွေးပွဲကို ဇွန် ၇ ရက်က ထားဝယ်မြို့ စာရင်းစစ်ချုပ်ရုံး၌ ပြုလုပ်ရာ တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ဌေးဌေးမြင့်က စာရင်းစစ်လုပ်ငန်းများ လစ်ဟာမှုမရှိစေရေးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ မှာကြားချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်၊ မြို့နယ် စာရင်းစစ်ရုံးများက လုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို ဆွေးနွေးကြပြီး တိုင်းဒေသကြီးစာရင်းစစ်ချုပ်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**ချောင်းဆုံ ဇွန် ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆေးခတ်ခြင်း၊ ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၈ ရက်က ခရိုက်သစ်ကျေးရွာ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊



မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**



## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မအူချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး လှော်ကားငါးလုပ်ငန်းစခန်းနှင့် လေးထောင့်ကန်ငါးလုပ်ငန်းစခန်းတို့မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မအူချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ဇွန် ၉ ရက်က အမှတ်(၇)လမ်းမကြီးဘဲတန်းတံတား၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးရဲထွန်းနိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ငါးသားပေါက်ကောင်ရေ ရှစ်သိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **အေးမဉ္ဇူ**

## မော်လမြိုင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များပေးအပ်



**မော်လမြိုင် ဇွန် ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို ဇွန် ၈ ရက်က အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ပေးရာ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဦးစီးမှူး ဦးအောင်ခိုင်ဆွေက နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်းဆိုင်ရာ ကိစ္စရပ်များကို ပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ် ၁၈၀ နှင့် UID ကတ်များကို တာဝန်ရှိသူများက အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ပေါင်းတည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေး

**ပေါင်းတည် ဇွန် ၁၀**

ရေဝတီတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းကို ဇွန် ၉ ရက်က ဆောင်ရွက်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက လိုအပ်သောအချက်အလက်များ စိစစ်ကောက်ယူ၍ နေ့ချင်းပြီးဆောင်ရွက်ပေးရာ နိုင်ငံသားစိစစ်ရေးကတ်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့်



အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများထံ ပေးအပ်ခဲ့သည်။ **အောင်သူ(ပြန်/ဆက်)**



## မိုင်းဆတ်ခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ပြိုင်ပွဲကျင်းပ

**မိုင်းဆတ် ဇွန် ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ဇွန် ၈ ရက်က အရုပ်ဆက်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

## မုဒုံမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းဖွင့်

**မုဒုံ ဇွန် ၁၀**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာ သင်တန်းဖွင့်ပွဲကို ဇွန် ၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းက အမှာစကား ပြောကြားသည်။



သင်တန်းတွင် နည်းပြဆရာများက အခြေခံမီးသတ်ပညာ၊ စက်သုံးဆီဆိုင်/စက်ရုံ မီးဘေးလုံခြုံရေး၊ မီးသတ်ဆေးဘူး အသုံးပြုနည်း၊ မီးသတ်ရေစုပ်စက် ကိုင်တွယ် အသုံးပြုနည်း၊ စက်သုံးဆီနှင့် ရော်ဘာမီးလောင်ရာတွင် အမြှုပ်မီးသတ်ဆေးရည် အသုံးပြုနည်း၊ မီးသတ်ယာဉ်/စက်ဖြင့် မီးငြိမ်းသတ်နည်းများကို စက်ရုံ / အလုပ်ရုံများမှ သင်တန်းသား ၆၀ အား ရက်သတ္တတစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **ရာမည(ပြန်/ဆက်)**



ညောင်ဦးမြို့နယ် ဌာနဆိုင်ရာရုံးများ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဇွန် ၈ ရက် နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးဆိုင်ရာ စစ်ဆေးအသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။

ရဲဝင်းနိုင်(ညောင်ဦး)

## မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ ကြဲပက်

**မော်လမြိုင်ကျွန်း ဇွန် ၁၀**

ရေဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထယ်ထိုးထည့်သွင်းမြေမြှုပ်ပွဲကို ဇွန် ၈ ရက်က ဝဲဒေါင့်ကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဝဲဒေါင့်ကျေးရွာကွင်းအမှတ် (၁၁၆၈-ခ) ဦးပိုင်အမှတ်(၁၄/ ၅) တောင်သူ ဦးမြင့်ဇော်၏ လယ်ဧက သုံးဧကရှိ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို ထယ်ထိုး



ထည့်သွင်းမြေမြှုပ်ခြင်းကို ကြည့်ရှုအားပေးခဲ့ကြသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ ကရင်ရိုးရာစာပေသင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းဖွင့်



**တွံတေး ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ကရင်ရိုးရာစာပေသင်တန်းနှင့် အခြေခံစက်ချုပ်သင်တန်းကို ဇွန် ၈ ရက်က တွံတေးမြို့နယ် အဂါတ်တန်းကျေးရွာ ပန်းဥယျာဉ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားများ ပြောကြားသည်။ သင်တန်းတွင် ကရင်ရိုးရာစာပေသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၁ ဦး၊ အခြေခံစက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၃ ဦး တက်ရောက်ကာ တစ်လကြာမြင့်မည်ဖြစ်သည်။ **မျိုးလှိုင်(တွံတေး)**

## တောင်ငူမြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**တောင်ငူ ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်အဆင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့က ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ ပထမဆုရရှိသည့် ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "မြန်မာအမျိုးသမီးများ၏ စွမ်းအားနှင့် ဂုဏ်သိက္ခာ" ခေါင်းစဉ်ဖြင့် ကျောင်းသူ လေးဦး၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "မြန်မာအမျိုးသမီးများ၏ ကြိုးစားအားထုတ်မှုနှင့် အောင်မြင်မှု" ခေါင်းစဉ်ဖြင့် ကျောင်းသူ လေးဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲဝင်ကျောင်းသူများအား တောင်ငူခရိုင် အမျိုးသမီးရေးရာ



အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းစုလှိုင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ညောင်လေးပင်မြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ



**ညောင်လေးပင် ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုပေးပွဲကို ယမန်နေ့က အထက(၁)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမဆောင်၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပပစိုးက အမှာစကားပြောကြားပြီး စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

**ပန်းတောင်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း (ပန်းတောင်း) သီရိရတနာခန်းမ၌ ကျင်းပရာ အထက်တန်းအဆင့်တွင် ၁၇ ဦး၊ အလယ်တန်းအဆင့်တွင် ၃၁ ဦး ပါဝင်ယှဉ်ပြိုင်သည်။ ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**





## ကျောက်တန်း၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေး

**ကျောက်တန်း ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ထုတ်ပေးခြင်းကို မြို့မအခြေခံပညာအလယ်တန်းကျောင်း၌ ဇွန် ၈ ရက်က ကျင်းပရာ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးမိုးသူနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ရာ မြို့နယ်ပညာရေးဌာနမှ တာဝန်ရှိသူများက လက်ခံရယူသည်။ **သန့်ဇင်ထွန်း**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



## ဓနုဖြူမြို့နယ်၌ အခြေခံတိုင်းရင်းဆေးပညာသင်တန်းဖွင့်

**ဓနုဖြူ ဇွန် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အခြေခံတိုင်းရင်းဆေးပညာပေး သင်တန်းဖွင့်ပွဲကို ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်နန့်အေးအေးနွယ်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၉ ရက်မှ ဇွန် ၁၁ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်မည်ဖြစ်သည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## တောင်သူနည်းပညာပေး ဆွေးနွေးပွဲနှင့် မှိုစိုက်ပျိုးနည်းသင်တန်းပေး

**လှည်းကူး ဇွန် ၁၀**

သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး ဆွေးနွေးပွဲနှင့် မှိုစိုက်ပျိုးနည်းသင်တန်းကို ယမန်နေ့က လှည်းကူးမြို့နယ် ရဲမွန်ကျေးရွာ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာအောင်မြတ်သူက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဓာတ်မြေဩဇာလျှော့ချသုံးစွဲနိုင်သောနည်းလမ်းများ၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးကြရေးနှင့် ခေါင်နှံဖြင့် မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသော တောင်သူများအား မျိုးကောင်းမျိုးသန့် အောင်နိုင်တိုးမျိုးစပါး၊ ရွှေတောင်ကြီး သဘာဝမြေဩဇာများနှင့် မှိုမျိုးထုပ်များ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**



## ကလောမြို့၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး ဟောပြော

**ကလော ဇွန် ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ပြုလုပ်ရာ အောင်ပန်းမြို့ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်မှ ရဲအုပ်ကျော်ဆန်းက လူကုန်ကူးခံရခြင်းနှင့် ပတ်သက်သည့် ဆိုးကျိုးများ၊ သတိပြုရှောင်ရှားရမည့်အချက်များ၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေများအကြောင်း အသိပညာပေးဟောပြောပြီး လူကုန်ကူးမှုအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **ကျော်ဝင်း(ကလော)**

## မိခင်အမည်မှန်

ဘုတ်ပြင်းမြို့နယ်၊ အလက (ပြည်ကြီးမဏ္ဍိုင်)Grade-6 မှ မောင်လှိုင်ဝင်းဇော်၏ မိခင်အမည်မှန်မှာ မှတ်ပုံတင် စာရင်းအရ မမိဖြူ ၆/ပကမ(နိုင်) ၀၀၅၆၃၅ ဖြစ်ပါကြောင်း။

**မမိဖြူ**

## မိခင်အမည်မှန်

(ဘ) ဦးကျော်လင်းထွန်း၏သမီး၊ မြိတ်မြို့၊ အထက(၈)တောရကျောင်း၊ Grade-5 မှ မအိမ့်ပိုးပန်းချီ၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဒေါ်ခင်မာသက် ၆/ကသန(နိုင်) ၀၆၃၂၃၀ ဖြစ်ပါကြောင်း။

**ဒေါ်ခင်မာသက်**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အထက(ခွဲ) အလက(၄)၊ Grade-6 မှ မအေးသဇင်ဦး ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဦးသက်ထွန်းအောင် ဖြစ်ပါကြောင်း။

**ဦးသက်ထွန်းအောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ အထက(၃)၊ Grade-12 မှ မောင်ထက်ပိုင်အောင်၏ဖခင် ဦးဇော်နှင့် ဦးမောင်ဇော် ၆/လလန(နိုင်)၁၀၃၄၄၂ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဇော်(ခ)ဦးမောင်ဇော်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် - ၇၉၊ ကုသိန္နာရုံအရှေ့အကွက်၊ ဦးပိုင်အမှတ် - ၆-က၊ မြေအမျိုးအစား - ဂရန်မြေ၊ ပိုင်ဆိုင်ခွင့် (B)၊ ဧရိယာ (၀ဒသမ၀၅၀)ဧကရှိ ဒေါ်ရင်မြ အမည်ဖြင့် ထွက်ရှိသောမြေကို ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းသန်းထိုက်က တရားဝင်ဝယ်ယူပိုင်ဆိုင် အသုံးပြုလျက်ရှိပါသည်။ ရောင်းချသူမှ ရောင်းချသူ၏ တာဝန်ဖြစ်သော အဆိုပါ မြေကွက်နှင့် ပတ်သက်သည့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန်နှင့် တစ်စုံတစ်ရာ ကန့်ကွက်လိုသူများ ရှိပါကလည်း ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စ အဝဝကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန့်ဝင်းလဲ့လဲ့ဌေး (စဉ် - ၁၇၁၂၃)**
**တရားလွှတ်တော်ရှေ့နေ လိုင်စင်ရသည့်နေ့ (၂၇-၁-၂၀၂၁)**
**အမှတ် (၄၉)၊ ယိုးဒယားကုန်းလမ်း ၊ ပုသိမ်မြို့၊ ဖုန်း-၀၉-၄၀၃၁၃၆၅၁၁**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်ကျေးရွာ၊ ကွင်းအမှတ် (၅၂၈၁) ၊ ကွင်းအမည်-နွယ်ခွေအနောက်တော ၊ ဦးပိုင်အမှတ် (၃၈) ၊ ယခုအခေါ် ထောက်ကြန့်ရွာသစ်၊ အောင်ရတနာလမ်း/ဦးကိုကိုကြီး(၂)လမ်းဟု ခေါ်တွင်သော မြေဧရိယာ (၃ဒသမ၈၀)ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အလျားပေ (၂၀) Xအနံ(၄၄)ပေအကျယ်ရှိဥယျာဉ်အမျိုးအစားမြေကွက်သည် အိုးအိမ်ဦးစီးဌာန၊ မြေနှင့်အခွန်ဌာနခွဲတွင်ဦးခင်မောင်စိုးအမည်ဖြင့်မှတ်သားတည်ရှိပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင် လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်သန်းသန်းလွင် (၁၂/မဂဒ(နိုင်)၁၁၁၀၄၅)ထံ မှကျွန်ုပ်မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းတိကျခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်နိုင်(၃/ကဒန(နိုင်)၀၀၆၁၇၃)၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်ဆုဝေ (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၁၁)**
**တိုက်(၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၉၉၉၈၅၉၀၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၆၅လမ်း၊ အမှတ်-၃၁-အေတွင် ဖွင့်လှစ်ထားသည့် Min Min Branded Shop ၏ တည်ထောင်သူ ဒေါ်အေးမင်းမင်းလှိုင်(ဘ)ဦးညွန့်လှိုင်(၁၂/သဃက(နိုင်)၀၄၁၉၇၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမင်းမင်းလှိုင်သည် မြန်မာနိုင်ငံ၌အထက်ပါလိပ်စာတွင် ဖော်ပြပါအမည်ဖြင့် အမေရိကန်နိုင်ငံ ထုတ်ဆေးဝါးများ၊ အားဖြည့်ဓာတ်စာများ၊ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ စသည့်လူသုံးကုန်ပစ္စည်းများကို အမေရိကန်နိုင်ငံမှပေးပို့လျက် လက်လီ/လက်ကားရောင်းချနေသူဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် Min Min Branded Shop အမည်ဖြင့် အမေရိကန်နိုင်ငံမှ ပစ္စည်းတင်သွင်းရောင်းချခြင်းလုပ်ငန်းကို (၈)နှစ်ကျော်ကြာတစိုက်မတ်မတ် နာမည်ပျက်မရှိ ဂုဏ်သိက္ခာရှိစွာလုပ်ကိုင်ဆောင်ရွက်နေသည်မှာ ယနေ့ထိတိုင် ဖြစ်ပါသည်။ ယခုကာလများ၌ အမေရိကန်နိုင်ငံမှ ကုန်ပစ္စည်းများ မြန်မာနိုင်ငံသို့ပေးပို့ရာတွင် လမ်းခရီး၌အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာမှုများ၊ ပျက်စီးမှုများရှိသည့် အခြေအနေတွင်လည်း ဝယ်ယူသူနစ်နာမှုမရှိစေရေးကို အလေးပေးစဉ်းစားပြီး တာဝန်ယူမှု တာဝန်ခံမှုအပြည့်ဖြင့် စီစဉ်ဖြေရှင်းပေးခဲ့သည်ကိုလည်း ပုံမှန်ဝယ်ယူသူများအနေဖြင့် သိရှိကြပြီး ဖြစ်ပါသည်။ ထိုသို့ အချိန်ကာလကြန့်ကြာမှုများအတွက် ဝယ်ယူသူများအနေဖြင့် ကြိုတင်ငွေပေးချေဝယ်ယူရာတွင် အချိန်စောင့်နိုင်မှ ဝယ်ယူနိုင်ရန် ကျွန်ုပ်၏မိတ်ဆွေမှ ကြိုတင်အသိပေးပြီးမှသာ ရောင်းချခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင်ဝယ်ယူသူများသိရှိနိုင်ရန်လည်း ကျွန်ုပ်၏မိတ်ဆွေမှ (၃၁-၅-၂၀၂၆)ရက်တွင် ၎င်း၏ Facebook Page ဖြစ်သော Min Min BBK Supplier Account မှ Live လွှင့်၍ ဖြေရှင်းအသိပေးခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ယခုအခါ ကျွန်ုပ်၏မိတ်ဆွေအား Social Media များမှ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ရည်ရွယ်၍ ရေးသားပြောဆိုခြင်းများ ပြုလုပ်နေသည်ကို တွေ့ရပါသည်။ ကျွန်ုပ်မိတ်ဆွေအနေဖြင့် Min Min Branded Shop ကို နှစ်ပေါင်းများစွာရေရှည်လုပ်ကိုင်လာစဉ် တစ်လျှောက်ဝယ်ယူသူ တစ်ဦးတစ်ယောက်ကိုမျှ နစ်နာအောင်ပြုမူဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ရိုးသားမှန်ကန်စွာ ယနေ့ထက်တိုင် ရပ်တည်လုပ်ကိုင်နေသည့်အပေါ် စီးပွားထိခိုက်စေရန်၊ အများအထင်လွဲစေရန် Social Media များ၌လည်းကောင်း၊ Social Media မဟုတ်သည့် ပြင်ပပတ်ဝန်းကျင်တွင်လည်း ကျွန်ုပ်၏မိတ်ဆွေနှင့် Min Min Branded Shop ၏ ဂုဏ်သိက္ခာအသရေညှိုးနွမ်းစေရန် ရေးသားပြောဆိုမှုများကိုမပြုရန် ကြေညာအပ်သည်။ တားမြစ်သည့်ကြားမှ ထပ်မံရေးသားပြောဆိုမှုများတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မင်းမြင့်ဆွေ (LL.B) တရားလွှတ်တော်ရှေ့နေ**
**ဇဝနဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၂၆၉၅၆၉၉၆၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ (၀.၁၂၃)ဧက၊ မြေကွက်အမှတ် (ဥသ-၂၁၁၅)၊ ဦးသန့်စင် ၁၂/အစန(နိုင်)၁၀၆၄၄၈ (ဘ) ဦးအောင်ကြည် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးသန့်စင် ၁၂/အစန(နိုင်)၁၀၆၄၄၈ (ဘ)ဦးအောင်ကြည်မှ ဒေါ်မိုးသီတာအောင် ၁၂/သကတ(နိုင်)၁၅၃၅၄၃ (ဘ)ဦးလှအောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/သဲကျွန်း အနောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ဧက၊ မြေကွက်အမှတ် (ဥသ-၂၀၈၄)၊ ဦးဇော်ဝင်း (ဘ) ဦးကျော်ဇောအောင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးခင်မောင်အေး ၁၂/လမတ(နိုင်)၀၁၀၅၂၇ (ဘ) ဦးဖောင်းငါးမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၅၀၃/၂၀၂၃ (၃-၈-၂၀၂၃)တင်ပြ၍ ဦးစန်းယုအောင် ၉/သစန(နိုင်)၁၂၃၁၄၂ (ဘ)ဦးခင်အောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ- ၂၁၄၂၉) ကို အမည်ပေါက် ဒေါ်မြင့်မြင့်ကြည် (ဘ)ဦးသိန်းဝင်း ၁၂/ဒဂန(နိုင်) ၀၀၆၂၁၃မှ ဒေါ်မျိုးမြတ်သူ (ဘ)ဦးထွန်းထွန်းလှိုင် ၁၁/မတန(နိုင်)၀၂၉၇၈၅နှင့် မှတ်ပုံတင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/80226, TVS Wego 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကြည် ၁၄/ပသန(နိုင်) ၀၁၀၈၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ အကွက်အမှတ် (၁၅-အီး)၊ လိပ်ပြာကန်တောင်ရပ်၊ ဦးပိုင်အမှတ် (၄၅ဈ)၊ မြေဧရိယာ (၀.၀၄၁)ဧကရှိ မြေကို ဦးဇော်ဖြိုးမှ ဘိုးဘပိုင် အမည်ပြောင်းပေးရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊**
**ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်၊ မြေတိုင်းအမှတ်(၂-G )၊ မြေကွက်အမှတ် (၂၈ᵃ၊ ၃၀ᵃ၊ ၃၁ᵃ၊ ၃၄ᵃ)၊ မြေဧရိယာ (၀ဒသမ၃၄၄)ဧကရှိ မြေအား ဒေါ်မေရီညွန့်မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသျှောင်မြို့သစ် (၆) ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၆)၊ မြေကွက်အမှတ်(၃၇၁)၊ မြေဧရိယာ (၀ဒသမ၁၃၄)ဧကရှိမြေအား ဒေါ်သန်းရွှဲ (ဦးသိန်းလှိုင်ကွယ်လွန်၏ဇနီး) မှ အသစ် မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အသစ် မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အထက(၁) Grade-6မှ (ဘ) ဦးမောင်ဝင်း၏သမီး မပိုးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၁၀/သဖရ(နိုင်) ၁၉၅၈၀၃ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဝင်း**

## အမည်မှန်

ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်နေ (ဘ)ဦးငြိမ်းအာကာ၏ သမီး ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မဖူးပြည့်စုံ၏ အမည်မှန်မှာ မမေဖူးပြည့်သျှံ ဖြစ်ပါကြောင်း။

**မမေဖူးပြည့်သျှံ**

## အမည်မှန်

ဦးသက်ဘိုဘိုအောင် ၆/ကသန(နိုင်) ၀၉၇၄၉၈၏သမီး ကော့သောင်းမြို့၊ မူလွန်၂မိုင် Grade-7မှ မသင်းရတီအောင်၏ မှတ်ပုံတင်အရ အမည်မှန်မှာ မသင့်ရတီအောင် ၆/ကသန(နိုင်) ၁၅၄၅၅၁ ဖြစ်ပါကြောင်း။

**မသင့်ရတီအောင်**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/5660 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## မိခင်အမည်မှန်

(ဘ) ဦးလှထွန်း ၏သားဖြစ်သူ ပုလောမြို့၊ အလက(၂)၊ Grade-9မှ မောင်သန်းဇော်ထက်၏ မိခင် ဒေါ်လှလှမြင့်၏ အမည်မှန်မှာ ဒေါ်လှလှမော် ၆/ပလန(နိုင်) ၁၄၆၄၃၀ ဖြစ်ပါကြောင်း။

**ဒေါ်လှလှမော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၈၅၂၄၈, Kenbo Auto 125 ယာဉ်လက်ဝယ်ရှိသူ ဦးလွမ်းမိုးသူ ၅/ကဘလ(နိုင်) ၂၀၂၉၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၇၈၄၄၉, LUOJIA -110 ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးဇော် ၉/ပမန(နိုင်)၂၃၉၆၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ သောကြာပြင်ရွာ၊ အထက (ကမြောကင်း)ကျောင်း Grade-3မှ မကေဇာလင်း၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ဦးအောင်နိုင် ၆/ပလန(နိုင်)၀၈၄၁၀၇ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်**

## အလိမ္မာ စာမှာရှိ

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၂၁၇)၊ အကျယ်အဝန်း(ပေ၄၀xပေ၆၀)ရှိ ဗိုလ်မှူးခင်မောင်ဦး (၁၂/မဂဒ(နိုင်) ၀၀၉၄၉၈) အမည်ပေါက် မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲ စိတ်ရသေးသော အကျယ်အဝန်း(ပေ ၂၀ x ပေ၆၀)ရှိ (ခြံရှေ့မျက်နှာမူလျှင်-ယာဘက်)မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အမှတ်(၂၁၇)၊ မင်းစုလမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၁)ထပ်နေအိမ်တို့အား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်နှင်းသက်ကျော် (၁၂/ရကန(နိုင်)၀၀၉၆၈၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅/၁၁)၊ မြေညီထပ်(ဘီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉-၅၁၈၃၅၆၉၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မိုးမခလမ်း၊ မြေကွက်အမှတ်(၅၁) ဟုခေါ်တွင်သော မြေအလျားXအနံ ပေ(၄၀ X ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်ကြည်မော် (၁၂/မဂတ(နိုင်)၀၂၃၃၅၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကြည်စိုး (၁၂/လမန(နိုင်)၀၄၅၈၈၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၃၅၄)၊ အကျယ်အဝန်း(အလျား ၄၄ပေXအနံပေ ၆၀)၊ ဧရိယာ(၀.၀၆၁)ဧက၊ စတုရန်းပေ (၂၆၄၀)ရှိဒေါ်သီတာစမ်း(၁၂/ဥကမ(နိုင်)၂၁၈၂၂၄) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ပိတောက်လမ်းနှင့်ပဒုမ္မာလမ်းထောင့်၊ အမှတ်(၃၅၄)ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင်ယင်းမြေအဆောက်အအုံနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီးတရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်သီတာစမ်း(၁၂/ဥကမ(နိုင်)၂၁၈၂၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထိုက်ထိုက်အေး(၁၂/ဥကတ(နိုင်) ၁၄၄၀၁၁)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၈၈၇)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/28700, Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန့်စုစုရည်မွန်ဖြိုး ၁၄/မမန(နိုင်)၃၁၃၂၉၁က ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံ ပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/18888, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဇော်ခိုင် ၁၄/ပသန(နိုင်)၂၀၅၁၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/14256, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသက်ဦး ၁၄/မအပ(နိုင်) ၁၆၀၅၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## ရန်ကုန်အထိုင်လက်ကား မြေသြဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေသြဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကားဈေးနှုန်းအဖြစ် ယှဉ်တွဲပါ သတ်မှတ်ရက်အတိုင်း ပြင်ဆင်၍ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်–

(က) ယူရီးယား မြေသြဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၁၄၀,၀၀၀ ကျပ်
(၈-၆-၂၀၂၆ ရက်မှ ၃၀-၆-၂၀၂၆ ရက်ထိ)

(ခ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၁၅,၀၀၀ ကျပ်
(၈-၆-၂၀၂၆ ရက်မှ ၂၀-၆-၂၀၂၆ ရက်ထိ)

၂။ Complex ၁၅ ပတ်လည်မြေသြဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါဈေးနှုန်းများသည် ရန်ကုန်အထိုင်လက္ကားဈေးနှုန်း လက်ငင်းငွေချေစနစ် ဈေးများဖြစ်ပါသည်။ အဆိုပါဈေးနှုန်းများသည် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

(က) ဦးဆောင်ကော်မတီ – ၀၆၇-၄၁၀၀၃၅
(ခ) MFSPEA အသင်း – ၀၉-၉၈၈၅၃၉၃၆၀၊ ၀၉-၆၆၅၄၀၇၈၉၀

**မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၉)၊ မြေကွက်အမှတ်(၁၇၄)၊ [ ဒေါ်သက်သက်အောင် (၁၃/တကန(နိုင်)၁၄၃၆၂၃)အမည်ပေါက် ]၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်နှင့် မြေကွက်အမှတ်(၁၇၅) [ ဦးစည်သူသိန်းလှိုင် (၁၂/သကတ(နိုင်)၁၄၇၃၃၁)အမည်ပေါက် ]၊ အကျယ်အဝန်း ပေ(၄၀x၆၀) ရှိမြေချပါမစ်မြေကွက်၊ စုစုပေါင်းမြေကွက်(၂)ကွက်အား မြေအမည်ပေါက်များထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်းထိုက် (၁၀/ကမရ(နိုင်) ၀၅၈၃၆၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ဇင်အောင် (၈/အလန(နိုင်)၂၄၇၉၉၈)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်–၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း–၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်း(ရွာမ)ရပ်ကွက်၊ ရတနာလမ်း၊ တိုက်အမှတ် (၂၆)၊ ၃-လွှာ (ခေါင်းရင်း)၊ အကျယ်အဝန်း(၁၇ပေ x ၅၀ပေ )ရှိ တိုက်ခန်း(၁)ခန်းနှင့် ၎င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်နန်းအိအိဖြိုး (၁၃/နခန(နိုင်)၀၃၇၀၂၀)မှ အပေါင်နှံ၊ အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်တော် ဦးနိုင်မင်းထွေး (၇/အတန(နိုင်)၀၅၉၁၄၈)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်မင်းထွေး**
**(၇/အတန(နိုင်)၀၅၉၁၄၈)**
**ဖုန်း–၀၉-၂၅၄၄၁၇၄၀၀**

## ဖခင်အမည်မှန်

အထက (ကျုံကဒွန်း) Grade–6 မှ မလင်းလက်သူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၁၄/ဖပန(နိုင်) ၂၄၇၀၆၁ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အထက (၅) ဗိုလ်တထောင် Grade (4/B)မှ (ဘ) ဦးသီဟတင်စိုး ၏သမီး မလင်းလဲ့ကြယ်စင်အား မလင်းလတ်ကဗျာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မလင်းလတ်ကဗျာ**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ ခိုပဲဝရပ်ကွက်နေ အထက(၂)ကျောင်း G–7မှ မယွန်းနဒီ လှိုင်း နှင့် မောင်ဝေယံထွန်း တို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းသန်း ၅/ ဟမလ (နိုင်) ၀၆၈၀၈၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ အထက (၁) ကျောင်း G–11 (C) မှ မောင်သန်းကျော်အောင်၏ ဖခင်အမည်မှန်မှာ ဦးလင်းအောင် ၅/ဟမလ(နိုင်) ၀၅၅၇၂၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/1486 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/3612 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုမိုအေး ၁၃/တခလ(နိုင်)၀၆၀၃၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/95480 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်စိုး ၉/တကန (နိုင်)၀၃၃၉၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/61013, Zhineng 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအဝင်း ၁၄/အမန(နိုင်) ၀၂၈၈၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 1U/9830, Lifan LF 175 ZHZ, 3W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်း ၁၄/ပသန (နိုင်)၁၇၃၀၇၆ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး
## မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန်ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | Lot NO | လုပ်ငန်းအမည် |
|---|---|---|
| (က) | Lot–1 | စစ်ကိုင်းခရိုင်စာရင်းစစ်ရုံး (60'x48'x12') RCC ၂ ထပ် (၁) လုံး (ရေ၊ မီး၊ မိလ္လာ၊ အဝင်ဂိတ်တဲနှင့်ယာဉ်ရပ်နားရန် အဆောက်အအုံအပါအဝင်) |
| (ခ) | Lot–2 | စစ်ကိုင်းမြို့နယ်စာရင်းစစ်ရုံး (60'x43'x12') RCC ၂ ထပ် (၁) လုံး (ရေ၊ မီး၊ မိလ္လာအပါအဝင်) |

**တင်ဒါပုံစံရောင်းချမည့်ရက်** – ၁၇-၆-၂၀၂၆ရက် (ဗုဒ္ဓဟူးနေ့) (ရုံးချိန်အတွင်း)
**တင်ဒါပုံစံရောင်းချမှုပိတ်သိမ်းမည့်ရက်/အချိန်** – ၂၃-၆-၂၀၂၆ရက် (အင်္ဂါနေ့) (ရုံးချိန်အတွင်း)
**တင်ဒါပုံစံရောင်းချမည့်နေရာ** – စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ မုံရွာမြို့
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** – ၂၉-၆-၂၀၂၆ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း) (ညနေ ၁၆:၃၀ နာရီ)

**တင်ဒါဖွင့်မည့်ရက်အား ကြိုတင်အသိပေးအကြောင်းကြားပါမည်။**

၂။ အသေးစိတ်အချက်အလက်များကို ဖုန်းနံပါတ်–၀၉-၇၈၀၀၇၉၀၆၂၂၊ ၀၉-၄၅၃၃၉၇၅၆၄ နှင့် စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ မုံရွာတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မိခင်အမည်မှန်

သာစည်မြို့နယ်၊ အထက၊ ရွှေတုတ်ကုန်း Grade–12 တွင် ပညာသင်ကြားနေသော မောင်ကောင်းထက်စံ၏ မိခင်အမည်မှန်မှာ ဒေါ်သန်းရီ ၉/သစန (နိုင်) ၀၄၈၈၉၃ ဖြစ်ပါကြောင်း။

**ဒေါ်သန်းရီ**

## အမည်ပြောင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်နေ ဦးဇာဏီ– ဒေါ်ဖြိုးဖြိုး အိတို့၏သား အမှတ် (၁၈)၊ မူလွန်ကျောင်း Grade–6 တွင် ပညာသင်ကြားနေသော မောင်လင်းသန့်ဇာဏီကျော်အား မောင်လင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းသန့်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၅၄၅၄)၊ မြေဧရိယာ(၀.၂၂၉) ဧက၊ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်၏ အမည်ပေါက် ဦးဝင်းခိုင်(ဘ) ဦးအေးမောင် ၁၂/တမန(နိုင်)၀၂၂၁၉၀ ကွယ်လွန်သွားပါသဖြင့် တရားဝင် အမွေဆက်ခံခွင့်ရှိသောဇနီးဖြစ်သူ ဒေါ်လှလှမူ (ဘ) ဦးတင်မောင် ၁၂/တမန(နိုင်) ၀၄၄၉၂၀ ၏အမည်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ လှိုင်ချမ်းမြေ့အိမ်ရာ၊ အဆောက်အအုံ အမှတ်(၁)၏စတုတ္ထထပ်(၅)လွှာ၊ အခန်းအမှတ်(၄၀၂)ဟုခေါ်တွင်သောတိုက်ခန်းနှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သောအကျိုးခံစား ခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးအောင်ဝင်းထက် (၁၂/လမန(ပြု)၀၀၁၂၇၂)ထံမှ အပြီးအပိုင်လွှဲ ပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေမှ အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက် ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်တင်ပြ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဒုကြွယ်(၄/ဟခန(နိုင်)၀၀၉၇၂၁)၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ချယ်ရီဝင်း[LL.B,DBL,WIPO(switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၄၀၁)**
**အမှတ်(၆၄၀)၊ သမိုင်းမြို့ဟောင်း(၇)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉-၄၀၁၅၅၁၆၆၀၊ ၀၉-၄၃၀၀၉၅၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၄-က) ၊ ကွင်းအမည် (ဆင်ခေါင်းမြောက်)၊ ဦးပိုင်အမှတ်( ၄၈/ဃ+ဃ၁)မြေဧရိယာ (၁ဒသမ ၅၅) ဧကရှိမြေအား ဆက်စပ်စာချုပ်များအရ ပြင်ဦးလွင်မြို့နေ ဦးသိန်းဦး ( ၅/ဆလက (နိုင်) ၀၃၉၀၂၅) မှ ဝယ်ယူထားခဲ့ပြီး ၎င်းမြေကွက်အတွင်းမှ ခွဲစိတ်ထားသော ယခုမြေစာရင်း၌ အမှတ်အသားရှိသော ဦးပိုင်အမှတ် (၄၃) အတွင်းရှိမြေအား ဦးသိန်းဦး ထံမှ ဆက်စပ်စာချုပ်များအရ နောက်ဆုံးလက်ရှိ ပြင်ဦးလွင်မြို့နေ ဒေါ်စပယ်ကိုကို (၁၂/အစန(နိုင်)၁၇၁၁၂၀) ပိုင် မြေဧရိယာ (၆၅/၆၅x၉၀/၉၀)ပေ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်စပယ်ကိုကိုက တရားဝင်ဝယ်ယူ ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ပြုံး (၅/ဖပန(နိုင်)၀၀၃၀၂၀) မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သုသုထက် (LL.B) အထက်တန်းရှေ့နေ(စဉ် –၅၇၀၂၂)**
**အနီးစခန်း၊ ရပ်ကွက်ကြီး(၁၇)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း–၀၉-၉၈၁၀၅၃၄၈၁၊ ၀၉-၈၈၆၅၃၈၉၈၉**

## ကျန်းမာရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ တောင်လုံးပြန်ရပ်ကွက်၊ အမှတ်(၁၆၄)၊ ၃-အေ နေ ဦးတင်ငွေ (ဘ-ဦးစံမြင့်)၊ (DDE ၀၁၄၂၂၄) မှ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(၁)လမ်း၊ မြေညီထပ်၊ အမှတ်(၂၅)နေ ဒေါ်ယဉ်ယဉ်မြတ် (ဘ) ဦးကျော်ငြိမ်း (၁၂/တမန(နိုင်)၀၅၆၃၉၁)အား ရန်ကုန်မြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ (၁၃-၂-၂၀၂၃)ရက်နေ့တွင်လွှဲအပ် ပေးခဲ့သောအထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၂၇၈၁/၂၀၂၃ ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဝသန်စည်သူ(LL.B, D.I.L, D.B.L)** | **ဒေါ်မြတ်သွယ်ချမ်း(LL.B, D.B.L, D.I.L)** |
| **အထက်တန်းရှေ့နေ (စဉ်-၅၃၀၀၃)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၆၆၈)** |

**ဖုန်း ၀၉-၉၅၇၇၅၂၁၇၉၊ ၀၉-၄၀၀၂၅၈၈၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၄၅၃၄၉ Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာချို ၆/ထဝန(နိုင်)၁၈၂၁၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေး၊ အမှတ်(၉)ရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၈၀)နေ (ဘ) ဦးမြင့်သိန်း ၁၂/မရက(နိုင်)၀၃၇၇၂၃- (မိ) ဒေါ်ရင်မြင့် ၁၂/မရက(နိုင်)၀၇၆၁၅၆ တို့၏ သမီး ဖြစ်သူ မအိအိသိန်း ၁၂/လကန(နိုင်)၁၆၀၉၂၈ သည် မိဘ၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး အခြားမည်သည့်ပြဿနာအရှုပ်အရှင်းများကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မိဘညီကိုမောင်နှမများနှင့်လည်း လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**(ဘ) ဦးမြင့်သိန်း - (မိ) ဒေါ်ရင်မြင့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၆၇၅၈၃ Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်ကြည် ၆/လလန(နိုင်)၀၇၃၂၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ အကွက်အမှတ် (တ-၇/ဃ)၊ ဦးပိုင်အမှတ် (၁)၊ Mingalar City Commercial Complex အတွင်းရှိ အကွက်အမှတ် (C-19) (35x45)ပေ၊ စုစုပေါင်းဧရိယာ (၀.၀၄၀) ဧကခန့်ရှိ ဂရန်မြေကွက်သည် ဒေါ်ဂျော်ရှီရီ ဝယ်ယူပိုင်ဆိုင်လျက်ရှိသော ဂရန်မြေကွက် ဖြစ်ပါသည်။

လက်ရှိဝယ်ယူပိုင်ဆိုင်လျက်ရှိသူ ဒေါ်ဂျော်ရှီရီထံမှ အထက်ဖော်ပြပါ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက်၊ အကွက်အမှတ် (တ-၇/ဃ)၊ ဦးပိုင်အမှတ် (၁)၊ Mingalar City Commercial Complex အတွင်းရှိ အကွက်အမှတ် (C-19) (35x45) ပေ၊ စုစုပေါင်းဧရိယာ (၀.၀၄၀)ဧကခန့်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၄)ထပ် အဆောက်အဦ (၁)လုံး အကျယ်အဝန်း (၅၄၆၂ စတုရန်းပေ) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံများနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လက်ရောက် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း မူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကြည်ကြည်ဝင်း** | **ဒေါ်ပွင့်ရည်ဦး (ခ) ချောချော** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |
| **(စဉ်-၁၁၂၆၃)** | **(စဉ်-၁၈၉၉၉)** |

**လမ်း-၆၀၊ ၂၇x၂၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၃၂၆၈၅၊ ၀၉-၂၀၂၀၄၇၇၊ ၀၉-၉၄၂၀၂၀၄၇၇၊ ၀၉-၇၇၄၄၈၁၅၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/9596 Honda PCX-100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ထွေးစု ၆/သရခ(နိုင်)၀၆၇၀၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန်အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောရက်ကို အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မင်္ဂလာဒုံခရိုင်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ ဇာရီမှုအမှတ်-၁၅**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၉**

ဦးရဲကျော်အောင် **နှင့်** ဒေါ်သီတာဝင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၇)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ စိန်ပန်းလမ်း၊ အမှတ်(၅၀၄)နေ ဒေါ်သီတာဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်ပါအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၇၊ လူနေရပ်ကွက်အမှတ်-၁၉၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်-၅၀၄၊ အကျယ်အဝန်း ပေ(၁၀x၆၀)ရှိ နှစ်ထပ်နေအိမ် အဆောက်အအုံ(၁)လုံးကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ ဦးရဲကျော်အောင်က လျှောက်ထားသောကြောင့်၊ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ် သတ်မှတ်ရန် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက် မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် ချိန်းဆိုပြီး ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိအိမျိုး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မူဆယ်ခရိုင်တရားရုံးတော်**
**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅**

ဒေါ်ဟူရင်ဒီ **နှင့်** ဦးဟူဒင်လု
**(တရားလို)** **(တရားပြိုင်)**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ တော်ရွှက်ရပ်ကွက်၊ တော်ရွှက်ဘုန်းကြီးကျောင်းအနီး၊ အိမ်အမှတ်(မရှိ)ရပ်နေ ဦးဟူဒင်လု (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ဟူရင်ဒီက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်လိုအပ်သည့် အထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှိုင်မျိုးအောင်)**
**ခရိုင်တရားသူကြီး**
**မူဆယ်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၇-ရပ်ကွက်၊ မြပုလဲသွယ်လမ်း၊ မြေကွက်အမှတ်(၁၂၃၃) ဒေါ်သန္တာဦး (၁၂/မဂတ(နိုင်) ၀၈၅၅၂၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၇-ရပ်ကွက်၊ မြပုလဲသွယ်လမ်း၊ မြေကွက်အမှတ်(၁၂၃၃) မြေအကျယ် ပေ(၄၀x၆၀) အကျယ်ပါမစ် အမည်ပေါက် ဦးမင်းအောင်ထံမှ အရောင်းအဝယ်အဆင့်ဆင့်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်သူ ဒေါ်သန္တာဦး (၁၂/မဂတ(နိုင်)၀၈၅၅၂၃) သည် ၂၀၀၅ ခုနှစ်ကတည်းက ဝယ်ယူခဲ့ပြီး အထက်ပါအိမ်ခြံမြေပေါ်တွင် လက်ရှိနေထိုင်ပြီး ဒေါ်သန္တာဦး ပိုင်ဆိုင်သော အိမ်ခြံမြေ ပေ(၄၀ x ၆၀)အနက်မှ (၂၀ x ၆၀) ပေ မြေကွက်ကို ရောင်းချရာတွင် ဒေါ်တင်ရွှေမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြေယာဌာနတွင် ဂရန်လျှောက်ထားခြင်းကို ကန့်ကွက်ကြောင်းတင်သွင်းထားသဖြင့် ၎င်းကန့်ကွက်စာအား ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ဖြေရှင်းပေးပါရန် မဖြေရှင်းပေးပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်သန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မိုးလွင်(LL.B, D.I.L) (စဉ်-၁၃၀၇၈) တရားလွှတ်တော်ရှေ့နေ၊**
**ဖုန်း-၀၉-၄၂၁၀၅၆၂၆၈**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်ကြီး အမှတ်(ညည-၃၁)၊ မြေကွက် အမှတ်(၃/ခ) အကျယ်အဝန်း (၃၀x၄၀) ပေ အကျယ်ရှိပြီး ၅၇လမ်း၊ ၁၂၁x၁၂၂ လမ်းကြားတွင် တည်ရှိသော မြေကွက်ကို ကျွန်တော် ဦးအေးမင်း (ဘ) ဦးဘချစ် (၅/ငဇန(နိုင်)၀၁၂၃၈၂)အား ကျူးကျော်အိမ်များ မြေနေရာချထားပေးရေးကော်မတီ၊ ပြည်ကြီးတံခွန်မြို့နယ်မှ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက် ရက်စွဲပါ စာအမှတ်-၁၀၀/၁-၂၁/မ၀တ) (မက- )ဖြင့် ချထားပေးသော မြေကွက် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်တော်ဦးအေးမင်းမှ ယနေ့အချိန်ထိ မြေငှားဂရန်လျှောက်ထားရခြင်း မရှိသေးသည့်အတွက် ယခုအခါ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေငှားဂရန် လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအေး (ခ) ဦးအေးမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်နှင်းမို့မို့ဦး (LL.B)** | **ဒေါ်မင်းမင်းအေး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၃၀၂၀/၂၀၁၇)** | **(စဉ်-၁၁၁၃၄/၂၀၁၆)** |

**အကွက်(ဖ-၇)၊ အိမ်အမှတ်(၂၃၉)၊ ကံသာယာရပ်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၄၃၀၁၃၈၀၁၊ ၀၉-၇၉၇၁၅၀၀၁၆**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးနေလင်း၏သား မောင်ကောင်းထက်လင်း ၁၂/မဘန(နိုင်) ၁၄၆၄၃၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-811361)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၉၅၁၀၂၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၂)ရပ်ကွက်၊ မြေတိုင်းအမှတ်(၃)၊ မြေကွက်အမှတ်(၂၅၅)၊ မြေဧရိယာ(၀.၀၆၂)ဧကရှိမြေအား ဦးလှစိုး-ဒေါ်ဝါဝါတို့မှ ခွဲစိတ်အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ခွဲစိတ်အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/8540 Daihatsu Hijet S201P Pick up(4x2) R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးငွေးလွင် ၆/ထဝန(နိုင်)၀၄၅၂၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၅၆၈၀၉ Honda Dream-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွေး ၆/ထဝန(နိုင်)၁၀၅၂၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၂၂)**
**တောင်ကြီးမြို့နယ်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၁ နှင့် ဆက်နွယ်သည့်**
**၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၄**

ဒေါ်ဖွန်မိန်း (ခ) ဒေါ်စန်းမေ **နှင့်** စိုင်းဆိုင်လိန်းလျှန်း
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တောင်ကြီးမြို့၊ ကံကြီးရပ်ကွက်၊ ရွှေတောင်ကြားလမ်းသွယ်(၂)၊ အမှတ် ၂၀၉/၃ နေ စိုင်းဆိုင်လိန်းလျှန်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၄၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်ဖွန်မိန်း (ခ) ဒေါ်စန်းမေက လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း (၈) ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ (၂၅)ရပ်ကွက်နေ ဒေါ်ကြည်ဝင်း (၁၂/လမန(နိုင်)၁၀၂၈၁၂)၏ သမီး ဒေါ်နုတင်ဇာအောင်သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်နေပါသဖြင့် ယနေ့မှစ၍ သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို မိခင်ဖြစ်သူမှ တာဝန်ယူဆောင်ရွက်ပေး မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ဝင်း**
**၁၂/လမန(နိုင်)၁၀၂၈၁၂**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင် (၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၂/ဂုဏ်တန်တောင်၊ ဦးပိုင်အမှတ် (၂၃)၊ ဧရိယာ(၀.၀၄၃) ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဦးတင်အောင်ထွန်း ၉/ပမန(နိုင်)၀၀၅၀၄၄ မှ ဘိုးဘအမည်ပြောင်း မှတ်တမ်း၊ အမွေဆက်ခံစာချုပ်အမှတ် (၀၀၄/၂၀၂၆)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ဝါဝါမြင့် ၉/ပမန(နိုင်)၀၃၂၂၀၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၁၀) ၊ကချင်ပြည်နယ်ဦးစီးမှူးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၁၀)၊ ကချင်ပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ကမ်းထိန်းလုပ်ငန်းအတွက် လုပ်ငန်းတစ်ရပ်လုံး တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာရောင်းချမည့် နေ့ရက်** - (၁၁ - ၆ - ၂၀၂၆) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပိတ်မည့်နေ့ရက်/အချိန်** - (၂၅-၆-၂၀၂၆)ရက် (၁၆:၀၀)နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ဦးစီးမှူးရုံး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ရုံးချိန်အတွင်း တင်ဒါလျှောက်လွှာများအား ရောင်းချမည်ဖြစ်၍ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ပြည်နယ်ဦးစီးမှူးရုံး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၊ ကချင်ပြည်နယ် ၊ မြစ်ကြီးနားမြို့ ၊ ဖုန်း ၀၇၄-၂၅၂၀၉၈၉ ) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀) နောင်ချိုမြို့နယ်တရားရုံး ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်( ၂ )

ဦးအောင်သူရိန်ဝင်း **နှင့်** ဦးခင်မောင်ဦး ပါ(၈)ဦး
**(တရားလို)** **(တရားပြိုင်များ)**

စစ်ကိုင်းမြို့၊ ပန်းတောရပ်ကွက်၊ တကောင်းတိုက်နယ်နေ တရားပြိုင်များဖြစ်သော အစဉ်(၁) ဦးခင်မောင်ဦး၊ အစဉ်(၂) ဦးဝဏ္ဏမြင့်မောင်၊ အစဉ်(၃)ဦးခင်မောင်လတ်၊ အစဉ်(၄)ဦးကျော်မိုးမြင့်မောင်၊ အစဉ်(၅)ဦးခင်မောင်လေး၊ အစဉ်(၆)ဒေါ်စန္ဒာမြင့်မောင်၊ အစဉ်(၇) ဒေါ်ဥမ္မာမြင့်မောင်၊ အစဉ်(၈) ဦးနေမိုးထက်တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးအောင်သူရိန်ဝင်းက ကျောက်မဲခရိုင်၊ နောင်ချိုမြို့၊ အကွက်အမှတ်(၇)၊ ဦးပိုင်အမှတ် (၇၄)၊ ဘူတာရပ်ကွက်၊ ရေိယာ (၀ ဒသမ ၅၀၁) ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇွန်လ ( ၂၃ )ရက် (၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက် ) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူများ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိုက်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇွန်လ (၉)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။ **(မဟာဗလ)**

**မြို့နယ်တရားသူကြီး**
**နောင်ချိုမြို့နယ်တရားရုံး**

## ဦးသန်းထွန်းဝင်း (၁၂/စခန(နိုင်)၀၃၆၆၁၆)နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ရီ (၁၂/စခန(နိုင်)၀၃၇၅၈၃) သည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ဦးရွှေမှန်လမ်းသွယ် (၂)၊ မြေကွက်အမှတ် -၂၈A/၂၂၉၊ အိမ်အမှတ်-၁၄၆ဟု ခေါ်တွင်သော အကျယ်အဝန်း (ပေ၂၀x၃၆ပေ)ရှိ မြေကွက်အား ၎င်း၏ဖခင် ဦးထွန်းညွန့်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး အဆိုပါဖခင် ဦးထွန်းညွန့် ကွယ်လွန်ပြီးနောက် ဒေါ်ခင်ရီသည် ၎င်း၏မောင်ဖြစ်သူ ဦးတင်လှနှင့်အတူ ခွဲခြမ်းစိတ်ဖြာ၍ ခေါင်းရင်းခြမ်း (၁၀x၃၆) ပေအား ဒေါ်ခင်ရီတစ်ဦးတည်းပိုင်ဆိုင်ခဲ့ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေးကမ်း၊ ပေါင်နှံ၊ လွှဲပြောင်း၊ အမွေစားအမွေခံအဖြစ် ပေးကမ်းပြုလုပ်ထားခြင်းမရှိခဲ့ပါ။ ယခုအခါ အဆိုပါမြေအား သားဖြစ်သူ ဦးသန်းထွန်းဝင်းမှ ကျွန်ုပ်မိတ်ဆွေ မသိစေဘဲ လိုက်လံရောင်းချနေကြောင်း စုံစမ်းသိရှိရသဖြင့် အဆိုပါ အရောင်းအဝယ်အား ဆက်လက်မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက အဆိုပါ အရောင်းအဝယ်သည် အဟောသိကံ ပျက်ပြယ်သည့် အရောင်းအဝယ်ဖြစ်ပြီး ရောင်းချသူနှင့်တကွ ဝယ်ယူသူကိုပါ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အတူ သားဖြစ်သူ ဦးသန်းထွန်းဝင်း၏ မရိုးမဖြောင့်သော အပြုအမူ ဆောင်ရွက်ချက်များကြောင့် ယခင်က ဖခင်ဖြစ်သူ ဦးထွန်းညွန့် အမည်မှ ဒေါ်ခင်ရီ အမည်သို့ အမည်ပေါက် ပြောင်းလဲရန်အတွက် ဦးသန်းထွန်းဝင်းအား NOTARY PUBLIC ရှေ့မှောက်တွင် ပေးအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးမာ (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်-၃၆၉၅၇/၂၀၁၅)**
**ဖုန်း-၀၉-၄၃၁၇၅၅၈၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ မခေါန်ဂျာ ၁/မကန (နိုင်)၂၄၇၀၁၀ ၏ ပတ်စ်ပို့ နံပါတ်(721100) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၅၄၆၀၀၇၂**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက (သဲတော) Grade- 11 S(1)မှ မအိမွန်သန့်၏ အမည်မှန်မှာ မအိမွန်မွန်သန့် ဖြစ်ပါကြောင်း။

**မအိမွန်မွန်သန့်**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မအိမ်ရာ၊ မင်းဓမ္မကွန်ဒို၊ Tower (D)၊ (Level - 5)၊ အခန်းအမှတ် (503)၊ အကျယ်အဝန်း (၂၃၈၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်လျက်ရှိသည့် ပစ္စည်းများအားလုံးနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအား HTOO Construction Development Group Co.,Ltd မှ တစ်ဆင့် ရောင်းချထားသည့် အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်အင်ကြင်းဆွေ (၁၂/လကန(နိုင်) ၂၀၃၉၇၇) မှ အဆိုပါကွန်ဒိုတိုက်ခန်းသည် မိမိမှ တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်း ကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** — **ဒေါ်ညိုမာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** — **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**

**အခန်းအမှတ်(308)၊ Office Tower (3), Time City,ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြဝတီမြို့နေ ဦးခန့်ဝေ ၃/မဝတ(နိုင်)၁၄၃၂၅၂ ၏ မိခင်အမည်မှာ အိမ်ထောင်စုလူဦးရေစာရင်း၌ ဒေါ်လေးနွယ်သိန်း ဟု ဖော်ပြထားပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်၌ ဒေါ်လေးနွမ်းသိမ်းဟု ဖော်ပြထားပါသည်။ မိခင်အမည် နှစ်မျိုးလုံးမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/80720, Honda Click -150 ယာဉ်လက်ဝယ်ရှိသူ 34 Shwe Mandalar Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/34359, Dayang -125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုတူး ၉/နထက(နိုင်) ၁၄၁၂၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## မွေးသက္ကရာဇ်အမှန်

ဦးမျိုးနိုင် ၏သမီး မြစ်ကြီးနားမြို့၊ ပမ္မတီး ရပ်ကွက်နေ မခိုင်မျိုးအေး ၁/မကန(နိုင်)၂၆၈၁၂၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၉- ၂၀၀၀ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အလက (မခေါယန်)ကျောင်း Grade-4အောင်မှ မယော်ဆီနာ ၏ ဖခင်အမည်မှန်မှာ ဦးဆီဆာဒွေ့ ၁/ဝမန(နိုင်) ၀၄၃၄၉၈ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

တနိုင်းမြို့၊ ဒူးကောင်း ရပ်ကွက်၊ အထက(၁)၊ Grade-12မှ မသန်းသန်းအေး ၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာလေး ၁/မကန(နိုင်) ၁၀၀၈၈၂ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက (၃)၊ Grade-4 မှ မောင်စိုင်း လွှမ်မိန်း ၏ အမည်မှန်မှာ မောင်စိုင်းနွမ်မိန်းဖြစ်၍ ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဆန်ယင် ၁/ဝမန (နိုင်)၀၈၉၈၃၇ ဖြစ်ပါကြောင်း။

## ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့နယ်၊ ဦးပိုင်အမှတ် (၂၉)၊ ကွင်းအမှတ် - ၅၂၈(က)အတွင်းရှိ တောင်ပိုင်းရပ်ကွက်၊ ပြည်လမ်း၊ မြေကွက်အမှတ် (၃၆)၊ အကျယ်အဝန်း (၂၀'x၇၀')ရှိ ဒေါ်ခင်ခင် (၁၂/မဂဒ (နိုင်)၀၇၈၉၄၃)အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိထားသည့်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေမီးစုံအပါအဝင် ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်သည် ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဒေါ်ခင်ခင် အမည်ဖြင့် မြေခွန်ပြေစာရရှိထားပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီလာ (၁၂/မဂဒ (နိုင်) ၀၄၁၂၅၂)မှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေနှင့် အဆောက်အအုံအပါအဝင် ယင်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေကဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အဆောက်အအုံအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ထွေးဇာခြည် (LL.B)၊ (D,B.L)** — **ဒေါ်ညိုမာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၁၈)** — **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**

**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၈၈၇၈၇၆၆၅**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 77W/69752 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/2343 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ်(၁၅၁၀) ဟုခေါ်တွင်သော မြေအလျားxအနံပေ(၄၀'x၆၀')ထဲမှ တရားဝင်မခွဲစိတ်ရသေးသော [မြေကွက်အမှတ် (၁၅၀၉)နှင့်ကပ်လျက်အခြမ်း]အလျားxအနံပေ(၂၀'x၆၀')ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင်မြေချပါမစ်မူရင်းအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လုံး (EH-035494) ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ Dr တင်မောင်ထွဋ် (၁၂/ဥကမ(နိုင်)၁၃၀၇၁၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထိပ်ထားလှိုင် (၈/ရနခ(နိုင်)၀၉၈၃၁၀)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဖိုလ်ဖိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## အများသိစေရန်ကြေညာခြင်း

မြေရှင်ဖြစ်သူမိမိနှင့် ကန်ထရိုက်တာ ဦးမြင့်ဝေ (၁၂/တမန(နိုင်) ၀၁၀၉၉၄) တို့သည် မိမိပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈) ရပ်ကွက်၊ မဟာဝန်အောက်လမ်း၊ အမှတ်( ၂၀၀ )၊ မြေတိုင်းရပ်ကွက်အမှတ်(၈ )၊ မြေကွက်အမှတ်(၂၀၀)၊ အကျယ်အဝန်း( ပေ ၄၀ x ပေ ၆၀ )ရှိမြေကွက်၏ ခေါင်းရင်းဘက်ခြမ်း၊ ( ၂၆ ပေ x ပေ ၆၀ )ပေါ်တွင် (၂)ခန်းတွဲ (၆)ထပ်တိုက်သစ် ဆောက်လုပ်ရန်အတွက် ( ၁၁-၅-၂၀၂၄ )ရက်တွင် နှစ်ဖက်သဘောတူညီခဲ့ကြပြီး ကန်ထရိုက်တာမှ အဆောက်အအုံဆောက်လုပ်ခွင့်ပါမစ်အား( ၁၂-၄-၂၀၂၆ ) ရက်နောက်ဆုံးထား၍ ဆောင်ရွက်ပေးရန် ဝန်ခံကတိပြုခဲ့သော်လည်း ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ပါသဖြင့်( ၁၃-၁-၂၀၂၆)ရက်စွဲပါ "ဝန်ခံကတိပြုစာချုပ်"၏ အပိုဒ်(၅)ပါစည်းကမ်းချက်အရ ကန်ထရိုက်စာချုပ်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်ပါကြောင်းနှင့် ၎င်းကန်ထရိုက်နှင့်သက်ဆိုင်သော မည်သည့်ကိစ္စကိုမျှ မိမိတို့မှတာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စိန်မြ (၆/မအရ (နိုင်) ၀၅၇၃၃၉)**
**အမှတ်( ၄ )၊ ကန်သာယာလမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၅၁၂၉၀၃၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်နေ ဦးယုကြည်-ဒေါ်သင်းသင်းနိုင်တို့၏သား မောင်ကျော်ကိုကိုဇင် ၁၂/တမန(နိုင်) ၁၂၀၂၃၅ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များအား ပြုလုပ်ခြင်း၊ မိဘအား စိတ်ဆင်းရဲစေခြင်းကြောင့် ရာသက်ပန်သွာနုတ္တသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**မိဘ-ဦးယုကြည်-ဒေါ်သင်းသင်းနိုင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၁/ပဒေသာကွက်သစ်၊ ဦးပိုင်အမှတ် (၅၅၇)၊ မြေယာအမှတ် (557)၊ မြေရေိယာ (၀ဒသမ၀၄၆)ဧက ရှိဦးဟန်ထွန်း ဂရန်အမည် ပေါက်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နံကပ်တစ်ထပ်အိမ်၊ မီတာ၊ အဝီစိရေတွင်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ရှိနေထိုင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းကို (၁၃/နခတ(နိုင်)၀၂၅၇၇၂) ထံမှ ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ဝင်းဝင်းကြည် (၉/မရမ(နိုင်)၀၁၀၀၉၀)မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်မထံသို့ လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ-**
**ဒေါ်ဝင်းဝင်းကြည်-၉/မရမ(နိုင်)၀၁၀၀၉၀**
**၂၈လမ်း၊ ၇၃x၇၄လမ်းကြား၊ မန္တလေးမြို့၊ဖုန်း ၀၉- ၅၂၀၁၉၆၃**

## ပတ်စ်ပို့ပျောက်

မင်းဘူး(စကု)မြို့နယ်၊ မကျီး သုံးပင်ကျေးရွာနေ (ဘ) ဦးညွန့်ဆောင်၏သမီး ကျွန်မ မခင်စန်းဌေး ၈/မဘန(နိုင်)၁၆၇၆၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၉၅၉၄၉၀၀၅၃**

## ဖခင်အမည်မှန်

ပန်းတနော်မြို့၊ အထက (၁) Grade-9 မှ မချယ်ရီဝင်း၏ ဖခင်အမည်မှန်မှာ ဦးရီလင်းအောင် ၁၄/ဖပန(နိုင်)၁၀၆၇၂၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/36988, Honda Wave -110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ခိုင် ၈/မမန(နိုင်)၁၅၅၀၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16U/2010 ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူရ ၇/ဝမန(နိုင်) ၁၄၀၁၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အလက (မင်းကုန်း) Grade-5 မှ မဂျူးဂျူးကေဇင် ၏ ဖခင်အမည်မှန်မှာ ဦးရွှေလှ ၉/ဝတန(နိုင်)၁၄၂၈၆၄ ဖြစ်ပါကြောင်း။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တ ဥက္ကံသ– (သာသနဓဇဓမ္မာစရိယ)
### သက်တော် (၈၉) နှစ်၊ သိက္ခာတော် (၆၉) ဝါ

စမ်းချောင်းမြို့နယ်၊ မူလဥယျာဉ်ကျောင်းတိုက်ကြီး၏ တိုက်အုပ်ချုပ်ရေးနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ကိုးနဝင်းကပ်ကျော်စေတီတော်မြတ်ကြီးအဂ္ဂမဟာပဏ္ဍိတ်အသင်း သြဝါဒါစရိယ၊ ပညာလင်္ကာရကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဆရာတော်ကြီးသည် (၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် (၉) ရက်) (၈–၆–၂၀၂၆) ရက် (တနင်္လာနေ့) မွန်းတည့် (၁၂) နာရီ၊ မိနစ်(၂၀) တွင် ဘဝနတ်ထံပျံလွန်တော်သွားပါကြောင်း တပည့်သံဃာ/ဒါယကာ–ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၂–၆–၂၀၂၆) ရက် (သောကြာနေ့) မွန်းတည့် (၁၂) နာရီတွင် အန္တိမဈာပနသဘင်ကိုကျင်းပမည်ဖြစ်ပြီး မွန်းလွဲ (၁) နာရီတွင် ပညာလင်္ကာရကျောင်းမှ ကားများထွက်ခွာ၍ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

တပည့်သံဃာ–ဒါယကာ/ဒါယိကာမများ

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
### ဒေါ်တင်ရွှေ
### အသက် (၉၁) နှစ်

Dr.တိုးမင်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန–ဒေါ်စန္ဒာငွေးတို့၏ ကျေးဇူးရှင်မွေးမိခင် ဒေါ်တင်ရွှေ အသက် (၉၁) နှစ်သည် ၈–၆–၂၀၂၆ရက်တွင် လှည်းကူးမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးမှ အရာထမ်း၊ အမှုထမ်းများ

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူ (လွန်) ပငအနောက်ကျောင်း Grade–7 မှ (ဘ) မောင်မွန်သန်း၏ သမီး မရတီဝတ်မှုန်၏ ဖခင်အမည်မှန်မှာ မောင်သန်း ၁၀/သဖရ(နိုင်) ၁၁၃၉၉၆ ဖြစ်ပါကြောင်း။

မောင်သန်း

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်မောင်ထွန်း ၁၂/တကန(နိုင်)၀၀၁၈၇၇ ပိုင်ဆိုင်သော ယာဉ်အမှတ် 6G–1316၏ CNG ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

ဖုန်း–၀၉–၄၂၀၀၃၆၉၇၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ (–)ကေရှိ မြေကွက်အမှတ် (ပ–၂၁၁၆၂)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြေကွက်အမည်ပေါက် ဦးဝင်းမောင် ၁၂/မရက(နိုင်)၀၁၃၅၇၂ (ဘ)ဦးမြအေးမှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ် (စလစ်) မူရင်းပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ် (စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၄-လမ်း၊ အမှတ် ( ၂၈ )၊ မြေညီထပ် တိုက်မျက်နှာမူလျှင် ( ဝဲ ) တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို (၅–၉–၂၀၀၂)ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့သော "ကန်ထရိုက်တာနှင့် မူလအခန်းပိုင်ရှင်တို့ နှစ်ဦးနှစ်ဖက်သဘောတူ ကတိစာချုပ်" အရ အခန်းပြန်လည်လက်ခံမည့်သူများ ဖြစ်ကြသော ဒေါ်လှဝင်း (၁၂/တမန (နိုင်) ၀၇၈၃၉၅)နှင့် ဦးကိုကိုလေး (၉/မရမ (နိုင်)၀၅၇၄၉၆) ကွယ်လွန်တို့၏ အမွေဆက်ခံ ပိုင်ဆိုင်သူ ဒေါ်ကြူကြူကြိုင်စိုး (၁၂/တမန (နိုင်) ၁၀၇၀၀၄)မှ မိမိတစ်ဦးတည်းသာလျှင် အဆိုပါ တိုက်ခန်းကို တရားဝင် အမွေဆက်ခံ ပိုင်ဆိုင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုပြောဆို၍ လွှဲပြောင်းရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေမှလည်း ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်၏ ပိုင်ဆိုင်မှုရောင်းချခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ဘော် (စဥ်–၄၀၃၅) LLB, DBL, DML, DIL, DLP
ဒေါ်အေးအေးစိုး (စဥ်–၅၈၂၇ ) B.Sc, Hon(IC), HGP R.L, D.B.L.
ဦးရဲမြင့်ထွန်း (စဥ်–၂၀၂၃၇) LLB
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁–လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
HP: 09–501 7044, 09–250674940

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
### ဒေါ်တင်ရွှေ
### အသက် (၉၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ အနောက်မင်းလမ်းမ၊ အမှတ် (၃၃)နေ ( ဦးဟန်ထွန်း )၏ ချစ်လှစွာသောဇနီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာတိုးမင်းထွန်း–ဒေါ်စန္ဒာငွေးတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး(၂)ယောက်တို့၏အဘွား ဒေါ်တင်ရွှေ အသက် (၉၁)နှစ်သည် ၈–၆–၂၀၂၆ ရက် (တနင်္လာနေ့ ) ည ၈:၃၀ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌဒေါက်တာမြဟန်နှင့် ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
### ဒေါ်တင်ရွှေ
### အသက် (၉၁) နှစ်

ဒေါက်တာတိုးမင်းထွန်း (ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန) – ဒေါ်စန္ဒာငွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး၊ ဦးဟန်ထွန်း [ကျောင်းအုပ်ဆရာကြီး(ငြိမ်း)] ၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး ဒေါ်တင်ရွှေသည် ၈–၆–၂၀၂၆ ရက် (တနင်္လာနေ့)တွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ(ဆဋ္ဌမအကြိမ်)

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့၊ အထက(ပေါင်)ကျောင်း၊ Grade–8မှ မအေးမြတ်နိုး၏ ဖခင်အမည်မှန်မှာ မင်းမွန်ဇေယျ ၃/ကကရ (နိုင်) ၁၂၄၇၃၄ ဖြစ်ပါကြောင်း။

မင်းမွန်ဇေယျ

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့၊ အထက(ပေါင်)ကျောင်း Grade–7မှ မောင်လမင်းဘို၏ ဖခင်အမည်မှန်မှာ မင်းနိုင်ဦး ၁၀/ပမန(နိုင်) ၀၉၈၂၃၄ ဖြစ်ပါကြောင်း။

မင်းနိုင်ဦး

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/သပြေကုန်း၊ မြေကွက်အမှတ်(S–၀၅၆)၊ ဧရိယာ(၀ဒသမ၂၂၉)ကေရှိ ဒေါ်ယုဝေလွင် (ဘ) ဦးအုန်းမြင့် ၁၂/ဒဂတ(နိုင်) ၀၇၅၆၇၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးညွန့်ဖေ (ဘ) ဦးထွန်းရင် ၁၂/စခန(နိုင်)၀၃၃၀၅၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ ရွှေညာမြေလမ်း၊ မြေကွက်အမှတ် ( ၅၂၆ )ဟုခေါ်တွင်သည့် အကျယ်အဝန်း ပေ(၄၀x ၆၀)ရှိ နှစ် (၆၀)ဂရန်မြေကွက် အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ မြေကွက်ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ အလီမာဘီဘီ (၁၂/သဃက (ဧည့်) ၀၀၀၀၆၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက် အရောင်းအဝယ်၏ပိုင်ဆိုင်မှု ရောင်းချခြင်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အပိုင်ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအောင်ဘော် (စဥ်–၄၀၃၅) LLB, DBL, DML, DIL, DLP
ဒေါ်အေးအေးစိုး (စဥ်–၅၈၂၇ )
B.Sc, Hon (IC), HGP, R.L, D.B.L.
ဦးရဲမြင့်ထွန်း LLB (စဥ်–၂၀၂၃၇)
တရားလွှတ်တော်ရှေ့နေများ
အမှတ် (၂၇)၊ ၁၂၁– လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
HP: 09–5017044, 09–250674940

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
### ဒေါ်တင်ရွှေ
### အသက် (၉၁) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ ရိပ်သာရပ်ကွက်၊ အနောက်မင်းလမ်းနေ (ဦးမောင်တင်–ဒေါ်ဝိုင်းတင်) တို့၏ သမီး၊ ဒါးပိန်လမ်းခွဲနေ ဦးလှသိန်း–ဒေါ်အေးသန်း၊ ရိပ်သာ(၁)လမ်းနေ ဦးငြိမ်းအောင်–ဒေါ်အုန်းကြည်၊ မှော်ဘီမြို့နေ ဦးအောင်သန်း–ဒေါ်မြမြတို့၏အစ်မ၊ ဒေါက်တာတိုးမင်းထွန်း (ညွှန်ကြားရေးမှူးချုပ်၊မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန) –ဒေါ်စန္ဒာငွေး တို့၏ မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီး၊ မြေး (၂) ယောက်တို့၏အဘွား၊ ကျောင်းအုပ်ဆရာကြီး (ငြိမ်း) ဦးဟန်ထွန်း၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး ဒေါ်တင်ရွှေသည် ၈–၆–၂၀၂၆ ရက် (တနင်္လာနေ့)တွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

အရာထမ်း/အမှုထမ်းများ
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ဦးဝင်းမြင့်
### (GM – ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း–ငြိမ်း)
### အသက် (၈၅) နှစ်

ပြည်ခရိုင်၊ ပန်းတောင်းမြို့၊ ဝန်လိုရပ်နေ (ဦးဘချစ်တင်–ဒေါ်သိန်းကြည်) တို့၏သားကြီး၊ ဦးထွန်းသိန်း–(ဒေါ်ခင်မျိုးအေး)၊ (ဒေါ်ခင်ဆွေအေး) တို့၏အစ်ကိုကြီး၊ ပြည်မြို့နေ (ဦးအောင်သိုက်– ဒေါ်ခင်ခင်သောင်း) တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊ အမှတ်(၉၈၇) နေ (ဒေါ်ခင်မျိုးသိုက်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးလှိုင်မျိုးမြင့်)၊ (ဦးကျော်ငွေစိုး)–ဒေါ်ခိုင်ခိုင်ဝင်းမြင့် (ကထိက၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ်– မကွေး)၊ ဦးနိုင်မျိုးမြင့် (မန်နေဂျာ၊ အာရှနဂါးအထည်ချုပ်) တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်သီဟသိန်း (YOMA Heavy Equipment)၊ မောင်တင်မျိုးထူး (ဒုရဲအုပ်၊ တောင်ကြီး)– မဟေမာန်တို့၏ဘဘကြီး၊ မမေသုတ (G–11)၊ မောင်နေ့သစ်ထူး (G–1)တို့၏ဘိုးဘိုးကြီးသည် (၁၀–၆–၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် (၃:၃၀)နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် (၁၂–၆–၂၀၂၆)ရက် (သောကြာနေ့)၊ မွန်းတည့် (၁၂:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအား ရည်စူး၍ (၁၆–၆– ၂၀၂၆) ရက် (အင်္ဂါနေ့) နံနက် (၇:၀၀)နာရီမှ (၁၂:၀၀)နာရီထိ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်ဝေးရပ်နီးဆွေမျိုး တို့အား အကြောင်းကြား သိစေအပ်ပါသည်။

နေအိမ်မှ ကားများ နံနက် ( ၁၁:၀၀ ) နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၀)၊ မောင်းမကန်လမ်း၊ မြေကွက်အမှတ် (၁၆၀၀-ခ) အကျယ်အဝန်း (၂၀½ 'x၆၀') (၁၂၃၀ စတုရန်းပေ) ဧရိယာ (၀.၀၂၈)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အထက်ဖော်ပြပါ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးကျော်ညိမ်း (၁၂/လမန(နိုင်) ၀၈၈၄၂၂)အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရပ်ကတိအဆက်စပ် စာချုပ်များဖြင့် ဝယ်ယူထားပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၄၇၆၆/၂၀၂၆)အရ တရားဝင်ရရှိပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်အေး (၁၂/ကတတ (နိုင်)၀၂၄၉၂၉)မှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | |
|---|---|
| ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L) | ဒေါ်ညိုမာ (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဥ်–၁၃၁၁၈) | အထက်တန်းရှေ့နေ (စဥ်–၃၅၇၇၆) |
| | အခန်းအမှတ် (308)၊ Office Tower (3), Time City, |
| | ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ |
| | ဖုန်း – ၀၉–၄၃၀၆၆၅၈၀၊ ၀၉–၇၈၈၇၈၇၆၆၅ |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် ၊(၆)ရပ်ကွက်၊ ကုန်သည်လမ်းနှင့် ဗိုလ်တထောင်လမ်းထောင့် ၊ တိုက်အမှတ် (၄၃၉/၄၄၅)၊ အခန်းအမှတ် (၆)မြေညီထပ်နှင့် အခန်းအမှတ်(၁၁)ပထမထပ် တိုက်ခန်း(၂)ခန်းတို့၏ အကျိုးခံစားခွင့် အားလုံးတို့သည် ယခုလွှဲပြောင်းရောင်းချသူ ဒေါ်အေးအေးလွင် (၅/မရန(နိုင်) ၀၁၆၅၃၆) မှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)အမည်ပေါက်တည်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေများက အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်း(၂)ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာပါပြီးသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ–

| | |
|---|---|
| ဦးခင်မောင်အေး | ဒေါ်လှလှခိုင် (LL.B) |
| B.A,LL.B,DIPL,W.I.P.O | (စဥ်–၂၃၃၈၀) |
| (Switzerland)(စဥ်–၅၇၁၆၇) | |

အထက်တန်းရှေ့နေများ
အမှတ်(၃၉)၊(၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၅၁၄၉ ၇၆၃ ၊ ၀၉–၅၀၄၉၃၇၆

## အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိ မြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ (ဘ)ဦးဝင်းလှိုင်၏သား ကိုကျောက်ခဲ အား ယနေ့မှစ၍ ကိုအောင်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကိုအောင်ဘုန်းခန့်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရွှေပင်ရွှေသီး ကိုယ်ပိုင်အထက်တန်းကျောင်း Grade–12 မှ မခိုင်ဆွေဇင်သိမ့်၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို (ခ) ချစ်စမ်းမောင် (၁၂/ဥကတ(နိုင်)၁၄၆၂၈၅) သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးချစ်ကိုကို(ခ)ချစ်စမ်းမောင်
၁၂/ဥကတ(နိုင်)၁၄၆၂၈၅

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/6348 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဇော်လင်း ၁၀/မလမ(နိုင်) ၂၀၂၉၀၆က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/3332 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဇော်လင်း ၁၀/မလမ(နိုင်)၂၀၂၉၀၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 71W/64539, CANDA 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇော ၂/ဘလခ(နိုင်) ၀၀၆၃၀၉က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ လွိုင်ကော်

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သည့် ကလေး- တမူးလမ်းကြောင်း ပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး တပ်မတော်စစ်ကြောင်းများက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဇွန် ၁၀

တပ်မတော်အနေဖြင့် နယ်မြေဒေသ အေးချမ်းသာယာ၍ ပြည်သူလူထု အေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးစေရေးအတွက် မြန်မာ- အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်း တစ်ခုဖြစ်သော ကလေး- တမူး လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ရန်လင်းဖိုင်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။**

ကလေး- တမူး လမ်းကြောင်းအား PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ၂၀၂၄ ခုနှစ်မှစတင်၍ ယာယီစိုးမိုးပိတ်ဆို့ကာ အဆိုပါလမ်းကြောင်းတစ်လျှောက် သွားလာနေကြသည့် ကုန်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များအား ဆက်ကြေးများ ကောက်ခံခြင်း၊ လက်နက်အားကိုးဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြရာ ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်တို့မှာ ကူးသန်းသွားလာခြင်း မပြုလုပ်ရဲတော့သဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးများ

စာမျက်နှာ ၁၃ ကော်လံ ၁ ❑

## မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

နေပြည်တော် ဇွန် ၁၀

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ မြန်မာ့အလင်း

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးအား စနစ်တကျ ထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် ဇွန် ၁၀

ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံလေးလုံးကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ယနေ့တွင် စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၅ ◆




ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံများအား ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။



## HSBC Championships တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အီဗာယိုဗစ်ချ် တက်ရောက်

အမေရိကန်နာမည်ကျော်တင်းနစ်မယ် အီဗာယိုဗစ်ချ် (အပေါ်ပုံ)သည် HSBC Championships တင်းနစ်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဖိလစ်ပိုင်ထိပ်တန်းတင်းနစ်မယ် အလက်ဇန္ဒြား အယ်လာကို ၆-၂၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ယိုဗစ်ချ်သည် ၃၂ ဦးအဆင့်တွင် ခရိုအေးရှားတင်းနစ်မယ် ရူဇစ်ကို ၆-၃၊ ၆-၄ ရလဒ်ဖြင့် နိုင်ပွဲရယူပြီး ၁၆ ဦးအဆင့် တက်လှမ်းလာသူဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ○

ယနေ့ သတင်းအညွှန်း

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ ပြည်တွင်းသတင်း စာ ၁၂

နာဆာက လဆင်းသက်ယာဉ်နှစ်စင်း ကမ္ဘာပတ်လမ်းအတွင်း ချိတ်ဆက်စမ်းသပ်မှု ၂၀၂၇ ခုနှစ်တွင် ပြုလုပ်မည် နိုင်ငံတကာသတင်း စာ ၁၄

## သာကေတမြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့၌ ရွှေထည်ပစ္စည်းများ ခိုးယူသူ အမျိုးသား လေးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ နေအိမ်အတွင်း ဝင်ရောက်၍ ရွှေထည်ပစ္စည်းများ ခိုးယူသူနှင့် လက်ထောက်ချသူ အမျိုးသမီးတို့နှင့် ကျောက်တန်းမြို့နယ်၌ လိုင်စင်ရအပေါင်ဆိုင်မှ ရွှေထည်ပစ္စည်းများ ခိုးယူသူနှင့် ပူးပေါင်းပါဝင်သူ အမျိုးသားနှစ်ဦးတို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၅ ခုနှစ် မေ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၃/ မာန်ပြေရပ်ကွက် အိမ်အမှတ် ၇၃၉ ၌

စာမျက်နှာ ၁၃ ကော်လံ ၁ ❖



တရားခံ အောင်မင်းသူ၊ စိုင်းဇော်ဇော်(ခ)ဇော်ဇော်(ခ)အောင်ပု၊ ကျော်ဇင်လတ်(ခ)ကျော်ဇင်တို့ကို သက်သေခံပစ္စည်းနှင့်အတူ တွေ့ရစဉ်။